# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 25 June 2019 ၉၆၉၁


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို "အေးမေတ္တာစံ" တောင်နီလေးဆရာတော် ဘဒ္ဒန္တစန္ဒိမာ၏မွေးနေ့တွင် ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းသည့် "အေးမေတ္တာစံ" တောင်နီလေးပရဟိတကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်စဉ်။

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်ရှိ "အေးမေတ္တာစံ" တောင်နီလေးပရဟိတကျောင်းတိုက်၌ ကျင်းပသည့် "အေးမေတ္တာစံ" တောင်နီလေးပရဟိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၏ ဝိဇာတမွေးနေ့မင်္ဂလာတွင် ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။ **သတင်းစဉ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း ဇွန်လမှစတင်ဆောင်ရွက်လျက်ရှိ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်း မကြာမီကောက်ယူပြုစုမည်**

စာမျက်နှာ » ၇

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈




# ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှု စီရင်ချက် ချမှတ်၊ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်   ဇွန်   ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) တွင် ရုံးထိုင်၍ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်   ဇွန်   ၂၄**

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကေတုမတီခန်းမ၌ ကျင်းပသည်။

### ရည်ရွယ်ဖွင့်လှစ်

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေပြီး အနာဂတ်တွင် နိုင်ငံတော်၏ ပိုမိုကြီးမားသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာစေပြီး မိမိတာဝန်ယူရသည့် ဝန်ထမ်းအဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊

လက်ရှိအစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုများနှင့်အတူ ကဏ္ဍစုံ အထွေထွေ ပြုပြင်ပြောင်းလဲမှုများကို အခြေခံမှစတင်ပြောင်းလဲနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာမှာ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေသော်လည်း အနာဂတ်ရည်မှန်းချက်စံနှုန်းများဖြင့် တိုင်းတာရာတွင် လိုအပ်ချက်များစွာရှိနေကြောင်း၊ ပြုပြင်ပြောင်းလဲခြင်းဆိုသည့် လမ်းကြောင်းကိုသွားရာတွင် နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများ တိုးတက်စေရန် အမြဲဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

### လေ့ကျင့်ပျိုးထောင်

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် ယခင်ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ်ဟောင်းမှ လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့် လျော်ညီသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်သစ်တို့ကို အထောက်အကူပြုပြီး ပြည်သူ့အတွက် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနေပြီဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ဝန်ထမ်းများသည် မိမိတို့၏သက်ဆိုင်ရာကျွမ်းကျင်ရာနယ်ပယ်များတွင် မိမိတို့ကိုယ်တိုင် ခေါင်းဆောင်စိတ်ဓာတ်မွေးမြူလျက် တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ နိုင်ငံနှင့်လူမျိုး တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဝန်ထမ်းနှင့် ပြည်သူ အတူလက်တွဲ၍ တူညီသောရည်မှန်းချက်များထားရှိပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၁ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၁၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၂၄ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော်   ဇွန်   ၂၄**

ရန်ကုန်(ရွှေဈေး) ၁၁၁၀၅၀၀ - ၁၁၁၀၅၀၀

မန္တလေး(ရွှေဈေး) ၁၁၁၀၅၀၀ - ၁၁၁၀၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၅/၉၁၅ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၉၀ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၈၀၅ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၅/၉၂၅ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၉.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၂၉.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၃၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၆၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၄.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၂၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၅.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၁.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကြေးမုံ

# မြန်မာနိုင်ငံကြိုးပမ်းမှုတွင် တိုးမြှင့်ကူညီ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (မျက်နှာစုံညီ) နှင့် (သီးသန့်)အစည်းအဝေးများတွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြပြီး အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးများအပြီး၌ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ကြေညာချက်တွင် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအစီအမံများကို အတတ်နိုင်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်ရန် မြန်မာအစိုးရ၏ ကတိကဝတ်ပြုခြင်းကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြထားသည်။

မြန်မာအစိုးရသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD) ကော်မတီကိုဖွဲ့စည်းပေးပြီး ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့မှတာဝန်ရှိသူများအပြင် ပုဂ္ဂလိကကဏ္ဍမှပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ၊ စသည့်အလွှာစုံမှပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်မှုဖြင့် မျှော်မှန်းထားသည့် ပန်းတိုင်သို့ရောက်ရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကြောင့် အာဆီယံနိုင်ငံများက ထောက်ခံအားပေးအသိအမှတ်ပြုလာကြသည်။

အာဆီယံအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆန်းစစ်လေ့လာမှုများဆောင်ရွက်ပြီး ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အစိုးရဌာနများနှင့် ပါဝင်ပတ်သက်သူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းဟူသည့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် သုံးရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အာဆီယံခေါင်းဆောင်များအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ လူသားချင်းစာနာမှုအကူအညီများပေးအပ်ရာတွင်လည်းကောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေး ကူညီပံ့ပိုးရာတွင်လည်းကောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ရာတွင်လည်းကောင်း အာဆီယံ၏ အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေးနှင့် ထင်သာမြင်သာရှိစေရေးကို ထောက်ခံအားပေးရန် ထပ်လောင်းအတည်ပြုပြောကြားထားပြီး အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါအကြံပြုချက် သုံးရပ်ဖြစ်သည့် ပြန်လည်လက်ခံရေးစခန်းနှင့် ကြားစခန်းတို့၏စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နေရပ်ပြန်လာသူများအတွက် မြန်မာအစိုးရ၏ပြင်ဆင်ဆောင်ရွက်ထားမှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေမှုပိုမိုအားကောင်းစေရေးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ကူညီပံ့ပိုးရေးစသည်တို့ကို သဘောတူညီထားသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော ပြဿနာသည် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သော ပြဿနာဖြစ်၍ အခက်အခဲများစွာရှိသော်လည်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာရေးတွင် ဒေသအားလုံး၏လိုအပ်ချက်များကို သာတူညီမျှဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော UEHRD စီမံကိန်းတွင် အရေးတကြီးလိုအပ်ချက်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် အရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ရည်မှန်းချက်မှာ ပြည်သူလူထုတစ်ရပ်လုံး သာတူညီမျှ ရရှိခံစားနိုင်ရေးကို ဦးတည်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေး၊ ပြည်သူလူထုအားလုံး၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဖြစ်သည်။ နိုင်ငံတကာအနေဖြင့် နိုင်ငံ့ဖွံ့ဖြိုး တိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ရခိုင်ပြည်နယ်အရေးတို့ကို အလေးထားသဖြင့် ယင်းကို အလေးအနက်ဖော်ဆောင်ကာ တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အာဆီယံဒေသတွင်းနိုင်ငံများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာကသိအောင်ပြသရမည်ဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုကြီးအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ယခုထက်ပိုမိုအရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် ဧည့်ပရိသတ်များ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စက်ရုံကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ရွှေဖုံးမှ

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စက်ရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနနှင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စက်ရုံကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်တို့ကို နာယူကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်**

ထို့နောက် "အေးမေတ္တာစံ" တောင်နီလေး ပရဟိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

**လွှဲပြောင်းပေးအပ်**

နိုင်ငံတော်သမ္မတက ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၄**

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမွေသဘင်၌ ကျင်းပသည်။

**ပရိတ်တရားတော်များနာယူ**

ရှေးဦးစွာ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဆရာတော် သံဃာတော်များထံ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဆရာတော်များ၊ သီလရှင်ဆရာလေးနှင့် လူပုဂ္ဂိုလ်များက ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၃၆၈၁ သိန်းနှင့် နယ်စပ်တောင်တန်းဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၉၇၆ သိန်း စုစုပေါင်း အလှူငွေကျပ် ၅၆၅၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် နေနတ်သားပရိယတ္တိစာသင်တိုက်ဆရာတော် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုစိတ္တက အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့နယ် ပင်လယ်ပိုင်းဒေသ ကျွန်းပေါ်ရှိ စခန်းသစ်-ပင်ပွားအော် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**မြိတ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပင်လယ်ပိုင်းဒေသစခန်းသစ်ကျွန်းပေါ်ရှိ ကဘင်ရွာအုပ်စု စခန်းသစ်-ပင်ပွားအော် ကျေးရွာချင်းဆက်လမ်းကို ကျွန်းစုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**ဖောက်လုပ်ခဲ့**

လမ်းအရှည်မိုင်မှာ စခန်းသစ်ကျေးရွာမှ ပင်ပွားအော်ကျေးရွာအထိ ခြောက်မိုင်ရှိပြီး ၁၂ ပေ အကျယ် အမာခံဂဝံမြေထု သုံးလက်မရှိသည့်လမ်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၉၀ သုံးစွဲ၍ ကျွန်းစုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**အဆင်ပြေချောမွေ့**

အဆိုပါ အသစ်ဖောက်လုပ်သော ကျေးလက်မြေသားဂဝံအမာခံလမ်းကို ကျွန်းပေါ်ရှိ ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၁၂၆၂ စု၊ ဒေသခံ ၆၂၃၉ ဦးတို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်ကွပ်ကဲရေးရုံး၌ ကျင်းပရာ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ပြင်ဆင်ဆောင်ရွက်

ရှေးဦးစွာ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံးများနှင့် ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူးပြီး ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားအတွက် ဆပ်ကော်မတီဖွဲ့စည်းပြီး ပြင်ဆင်ဆောင်ရွက်နေသည်ကို သိရှိရကြောင်း။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့သောအားဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုအနှစ်သာရပြည့်ဝအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခင်နှစ်များက ကြုံတွေ့ရသည့် အခက်အခဲများ၊ အဆင်မပြေမှုများကို ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနား တက်ရောက်ကြမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများအပါအဝင် တက်ရောက်ကြသူများကို ကြိုဆိုနေရာချထားရာတွင် လိုအပ်ချက်မရှိအောင် ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျစီမံဆောင်ရွက်သွားစေလိုကြောင်း၊ အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ၏ လမ်းညွှန်ချက်အတိုင်း အတွင်းဝန်ရုံးတွင် ကျင်းပမည့် အလံတင်ခြင်း၊ အလေးပြုခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် စနစ်တကျဖွဲ့စည်းပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားစေလိုကြောင်း၊ အလားတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဆောက်အအုံကြံ့ခိုင်မှုရှိစေရန်လည်း လိုအပ်ကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့် နေရာများ၏ လုံခြုံရေးတာဝန်များကို အပြည့်အဝဆောင်ရွက်ပေးစေလိုကြောင်း၊ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် လုံခြုံရေးအထောက်အကူပစ္စည်းများကို စနစ်တကျဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်တင်ကိုကိုက လုံခြုံရေးကော်မတီ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့သွားရောက်၍ အာဇာနည်ဗိမာန် မွမ်းမံပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် နေအိမ်မွမ်းမံပြင်ဆင်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ တာဝန်ယူမှုခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် ဇွန် ၂၄**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ 'အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ တာဝန်ယူမှု' ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်သူများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးခြင်းသည် နိုင်ငံတော်အတွက် အဂတိကင်းစင်သော အဖွဲ့အစည်းရပ်ဝန်းကြီးတစ်ခု ဖြစ်ပေါ်လာစေရန်ဖြစ်သည့်အတွက် မွန်ပြည်နယ်အနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် လျှော့ချနိုင်ရန်၊ အဂတိလိုက်စားမှု သိသာထင်ရှားစွာ ကျဆင်းသွားရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ အညွှန်းကိန်းများ သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်အနေဖြင့် "အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ယူမှုရှိရေး" ခေါင်းစဉ်ဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄(ခ) နှင့် ၄(ဂ)တို့တွင် ကော်မရှင်အား သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းလာစေရန် အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် သတ်မှတ်တာဝန်ပေးထားသည့်အတွက် ၎င်းတာဝန်နှင့်အညီ ပညာပေးရေးလုပ်ငန်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ကြောင်း။

တာဝန်ယူမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တုံ့ပြန်ဖြေကြားရခြင်းတို့သည် တစ်ဆက်တည်းရှိနေကြသည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၏ အင်္ဂါရပ်များဖြစ်သည့်အပြင် ၎င်းအချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီရေချိန်ကိုမြှင့်တင်ပေးနိုင်သော တစ်နည်းအားဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အောင်မြင်ချောမွေ့စေရေးအတွက် ထမ်းရွက်ပေးနိုင်သော ဝင်ရိုးတစ်စုံဖြစ်နေပါကြောင်း၊ တာဝန်ခံမှုရှိရခြင်းသည် မိမိဌာန၊ မိမိလုပ်ငန်း၊ မိမိလူမှုအဖွဲ့အစည်းဆိုသည့် ပုဂ္ဂလိက အကျိုးစီးပွားနယ်ပယ်ထက် များစွာကျော်လွန်၍ တွေးတောဆင်ခြင်ရှုမြင်နိုင်စွမ်းရှိရခြင်းတည်းဟူသော အရည်အချင်းတစ်ရပ်ပါဝင်ရန် လိုအပ်ပါကြောင်း၊ 'တာဝန်ယူမှုရှိခြင်း' ဆိုသည်မှာ ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို သိရှိနားလည်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းမျှလောက်ဖြင့် လုံလောက်ခြင်းမရှိဘဲ အများပြည်သူလူထုနှင့် ထိတွေ့လုပ်ဆောင်မှုများတွင်ဖြစ်စေ၊ လုပ်ငန်းဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ လုပ်ငန်းဌာနနှင့် အဖွဲ့အစည်းအကြား အပြန်အလှန် ထိတွေ့လုပ်ဆောင်မှုအားလုံးတွင်ဖြစ်စေ အများပြည်သူလူထု၏ အကျိုးစီးပွားအတွက်သာလျှင် အမြင့်မားဆုံး မျှော်မှန်းပြီး အမြင့်မားဆုံးတန်ဖိုးထားရှိရမည် ဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော တာဝန်ယူမှုရှိသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအလေ့အထများ (Corporate Governance Practices) ကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍတွင် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများလည်း များစွာတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများကလည်း မိမိတို့ကိုယ်တိုင် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုရှိရေးတိုက်တွန်းနေကြသူများဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများတွင် တာဝန်ယူမှုရှိခြင်းဆိုင်ရာ ပဋိညာဉ်များ၌ ပြဋ္ဌာန်းထားသည့် အခြေခံမူများကို လိုက်နာကျင့်သုံးလျက် မိမိတို့ ကိုယ်တိုင်ကလည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ကို မြှင့်တင်သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က 'တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ'၊ ဒေါက်တာတင်မောင်သန်း(သင့်ဘဝ)က 'တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ'၊ ကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် (Director of City Mart Group)က 'တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ'၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က 'အများပြည်သူဝန်ဆောင်မှုလုပ်ငန်း၌ တာဝန်ယူမှုရှိခြင်း'၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင် ဦးမိုးကျော်က 'တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ'၊ ဒေသခံ CSO ကိုယ်စားလှယ်ဒေါ်ရည်မွန်ဆု (Executive Director, National Enlightenment Institute) က 'တာဝန်ယူမှုရှိသော CSO ကဏ္ဍ'၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ကိုယ်စားလှယ် ဦးဇော်မင်းနောင်က 'အဂတိလိုက်စားမှုအန္တရာယ်ဖြစ်နိုင်ခြေရှိမှု' ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်းစဉ်**

# အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီက ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့် ပူးပေါင်းကာ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား(National Complaints Mechanism -NCM) ထူထောင်ရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါ ယန္တရားထူထောင်ဆဲ ကြားကာလတွင် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group- HLWG) မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ဖုန်း-၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် email လိပ်စာ mol@mptmail.net.mm, molipoffice@gmail.com, research.org.dol.mm@ gmail.com တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အောင်မြင်ပြီးမြောက်၍ စိုက်ပျိုးမြေဧရိယာ ၂၁၆၂၈၅ ဧကကို အကျိုးပြုနိုင်မည်





**နေပြည်တော် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညိုရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပေါင်းတည်မြို့နယ် ဝဲကြီးဆည်ရေသောက်စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည်။

**အမွေကောင်းအဖြစ် လက်ဆင့်ကမ်းအသုံးပြု**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး အမြောက်အမြား ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သော ဆည်တမံများ၊ ရေသောက်စနစ်များမှရရှိလာမည့် အကျိုးရလဒ်များကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး ဒေသနေပြည်သူများ၏ လက်ရှိလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျသုံးစွဲကြရန် လိုအပ်သကဲ့သို့ သားစဉ်မြေးဆက် ရေရှည်အကျိုးပြုနိုင်သည့် အမွေကောင်းအဖြစ် လက်ဆင့်ကမ်းအသုံးပြုနိုင်ရေးအတွက်လည်း အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စိုက်ပျိုးရေသေချာသည့် ဆည်ရေသောက်များ၌ ဈေးကွက်ဝင်ဈေးကောင်းရ သီးနှံများရွေးချယ်စိုက်ပျိုးခြင်း၊ ဂျီအေပီနှင့်အော်ဂဲနစ်စနစ်များ လိုက်နာကျင့်သုံးပြီး တန်ဖိုးမြင့် ထုတ်ကုန်များဖြစ်စေရေးကြိုးပမ်းခြင်းဖြင့် ဆည်ရေလည်းအကျိုးရှိ၊ တောင်သူလည်းဝင်ငွေတိုးမည့်နည်းလမ်းကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama နှင့် JICA, Chief Representative Mr. Masayuki Karasawa တို့က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး-၂ ညွှန်ကြားရေးမှူးက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ဒေသနေတောင်သူလယ်သမားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် JICA မှ တာဝန်ရှိသူများက စီမံကိန်းအထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စီမံကိန်းလုပ်ငန်း ဆောင်ရွက်သည့်ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း၊ ပြည်၊ သဲကုန်း၊ ပေါင်းတည်၊ နတ္တလင်းနှင့် ဇီးကုန်းမြို့နယ်များအတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညို ဆည်ရေသောက်စနစ်များတွင် မြောင်းများ ပုံစံကျဖြစ်အောင်ဆောင်ရွက်ခြင်း၊ တူးမြောင်းများအား ကွန်ကရစ်လိုင်နင်၊ အုတ်လိုင်နင်စီခြင်း၊ မြောင်းစစ်လမ်း၊ ဆည်ချဉ်းကပ်လမ်း၊ တူးမြောင်းအဆောက်အအုံများ၊ တံတားငယ်များနှင့်ဆိုင်ဖွန်များအား ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ယန္တရားများဝယ်ယူပံ့ပိုးခြင်းတို့ဖြင့် ဂျပန်ယန်းသန်း ၁၄၈၇၀ အကုန်အကျခံဆောင်ရွက်ခဲ့သည့် အဆိုပါစီမံကိန်းကြောင့် မြောက်နဝင်းဆည်ရေသောက်စနစ်တွင် ၅၃၁၆၈ ဧက၊ တောင်နဝင်းဆည်ရေသောက်စနစ်တွင် ၇၂၇၀၈ဧက၊ ဝဲကြီးဆည်ရေသောက်စနစ်တွင် ၄၀၄၂၈ ဧက၊ တောင်ညိုဆည်ရေသောက်စနစ်တွင် ၄၉၉၈၁ ဧကတို့ဖြင့် စုစုပေါင်း စိုက်ပျိုးမြေဧရိယာ ၂၁၆၂၈၅ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)နှင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဈေးကွက်သုတေသနပြုလုပ်၍ ပြည်သူအများသုံးစွဲသည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ မိမိထုတ်ကုန်ပစ္စည်းများဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ရန်မှာကြားပြီး စက်ရုံအတွင်း ဆေးရုံသုံးစတီးလ်ခုတင်နှင့် ပရိဘောဂပစ္စည်းများ၊ အိမ်သုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ စက်မှုသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသားများ စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှုကို လှည့်လည်စစ်ဆေးကာ သင်တန်းသားများ အမှန်တကယ်တတ်မြောက်ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းသားများ လက်တွေ့ဆောင်ရွက်နေမှုများကို အနီးကပ်ကြီးကြပ်စစ်ဆေးနေရန်နှင့် ဆောင်ရွက်ပြီးစီးပါက ပြန်လည်စစ်ဆေး၍ လိုအပ်ချက်များကို ချက်ချင်းပြန်လည်ရှင်းလင်း သင်ကြားပေးရန်၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိအောင် ထပ်မံဖြည့်တင်းထားရန်၊ သင်တန်းဆရာ ဆရာမများအတွက် TOT သင်တန်းများ ဖွင့်လှစ်ပေးရန်တို့ကို မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ Mission Chief, Mr. Shanaka Jayanath Peiris နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Mission Chief, Mr. Shanaka Jayanath Peiris နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အလားအလာများ၊ အတိုးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ငွေကြေးမူဝါဒဆိုင်ရာများ၊ ငွေရေးကြေးရေးကဏ္ဍ၌ ပိုမိုအားကောင်းခိုင်မာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော် ဗဟိုစာတိုက်ကြီး၏ (၁၂) နှစ်ပြည့် ချည်ရတုအခမ်းအနားကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် မြန်မာနိုင်ငံ တစ်ဝန်းရှိစာတိုက်ရုံးပေါင်း ၁၃၉၀ တွင် သမားရိုးကျစာတိုက်ဝန်ဆောင်မှုလုပ်ငန်းများအပြင် IT နည်းပညာများသုံးစွဲ၍ ထပ်ဆောင်းဝန်ဆောင်မှုများဖြစ်သည့် ဘဏ်လုပ်ငန်းကိုယ်စားလှယ် အဖြစ် CB Bank, AGD Bank, A Bank တို့၏ဝန်ဆောင်မှုများ၊ Mobile Money လုပ်ငန်းများဖြစ်သည့် OK$, MyKyats တို့၏ ဝန်ဆောင်မှုများ၊ ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းဖြစ်သည့် @Post ဝန်ဆောင်မှုများ၊ Online Shopping ဆောင်ရွက်သူများအတွက် ချောပစ္စည်းပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်းလုပ်ငန်းများ၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်ရောင်းချပေးခြင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိရာ နေပြည်တော် ဗဟိုစာတိုက်ကြီးသည်လည်း အပါအဝင်ဖြစ်သည်။

နေပြည်တော် ဗဟိုစာတိုက်ကြီးသည် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးကြီးအနီးတွင် တည်ရှိပြီး ၂၀၀၇ ခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာတိုက်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် (၁၂)နှစ်ပြည့်မြောက်ပြီး ချည်ရတုတိုင်ခဲ့ပြီဖြစ်သည်။

နေပြည်တော်ဗဟိုစာတိုက်ကြီး၏ (၁၂)နှစ်ပြည့်ချည်ရတုအခမ်းအနားကို ဇွန် ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ဗဟိုစာတိုက်ကြီး၌ ကျင်းပမည်ဖြစ်ပြီး အထိမ်းအမှတ်အဖြစ် ပထမနေ့စာအိတ်များရောင်းချပေးခြင်း၊ အထိမ်းအမှတ်နေ့စွဲ တံဆိပ်တုံး ရိုက်နှိပ်ပေးခြင်း၊ ရှားပါးတံဆိပ်ခေါင်းများ ရောင်းချပေးခြင်းတို့အပြင် မြန်မာနိုင်ငံ တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များနှင့်ပူးပေါင်း၍ တံဆိပ်ခေါင်းပြပွဲ ပြုလုပ်သွားမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အကြောင်းသိကောင်းစရာ

ပါမောက္ခ ဒေါက်တာမာမာဝင်း (ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုတဲ့ ဆိုရိုးစကားအတိုင်း နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်များဖြစ်ကြမယ့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားတဲ့ သားငယ် သမီးငယ်များအနေနဲ့ ကိုယ်စိတ်ပါဝင်စားရာ တက္ကသိုလ်အသီးသီးကို မကြာခင် ရွေးချယ်တက်ရောက်ကြရမှာ ဖြစ်ပါတယ်။ ကိုယ့်ဘဝ တိုးတက်အောင်မြင်ဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သားငယ် သမီးငယ်တို့ရဲ့ရွေးချယ်မှုမှန်ကန်ဖို့ အရေးကြီးပါတယ်။ တက္ကသိုလ်ရဲ့မူဝါဒနဲ့အညီ မြန်မာနိုင်ငံရဲ့ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုဗဟိုဌာနကြီးအဖြစ် လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေးလျက်ရှိတဲ့ "မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်" အကြောင်း သိကောင်းစရာများကို အနည်းငယ် မိတ်ဆက်ပေးချင်ပါတယ်။




### တစ်ခုတည်းသော တက္ကသိုလ်

မိမိတို့တက္ကသိုလ်ဟာ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးနယ်ပယ်အတွက် မြန်မာနိုင်ငံမှာ တစ်ခုတည်းသော တက္ကသိုလ်အဖြစ် နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာမှာ တည်ရှိပါတယ်။ မိမိတို့ တက္ကသိုလ်ကို ၁၉၃၀ ပြည့်နှစ်မှာ "လက်ထောက်တိရစ္ဆာန်ဆေးကုသင်တန်း" အဖြစ် စတင်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ်လက်အောက်မှာ "တိရစ္ဆာန် ဆေးပညာ မဟာဌာန" အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘီအိုစီကွေ့အနီးမှာ "တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်" အဖြစ် သီးခြားဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ အင်းစိန်မှ ရေဆင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ "မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်" အဖြစ် ပြောင်းလဲခေါ်ဝေါ် ခဲ့ပါတယ်။

မိမိတို့တက္ကသိုလ်ဟာဆိုရင် မွေးမြူဆေးကုဘာသာရပ်များကို အထူးပြုဘာသာရပ်အလိုက် သီးခြားစီလေ့လာနိုင်ဖို့ သင်တန်းကာလလေးနှစ်ဖြစ်တဲ့ "မွေးမြူရေး ပညာသင်တန်း"နဲ့သင်တန်းကာလ ခြောက်နှစ်ဖြစ်တဲ့ "တိရစ္ဆာန်ဆေးပညာသင်တန်း"ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ နှစ်စဉ် မွေးမြူရေးပညာသင်တန်းအတွက် ကျောင်းသား ကျောင်းသူ ၁၅၀၊ တိရစ္ဆာန်ဆေးပညာ သင်တန်းအတွက် ကျောင်းသား ကျောင်းသူ ၁၀၀ (သင်တန်းတစ်ခုစီအတွက် ကျား ၅၀ ရာခိုင်နှုန်း၊ မ ၅၀ ရာခိုင်နှုန်း) လက်ခံသင်ကြားပေးလျက်ရှိပါတယ်။

### မကူးစက်အောင် တားဆီးကာကွယ်

"မွေးမြူဆေးကုတိုင်းပြည်ပြု" ဆိုတဲ့ တက္ကသိုလ်ရဲ့ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်ရဲ့ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမယ့် သင်ရိုးညွှန်းတမ်းတွေကို ထည့်သွင်းရေးဆွဲထားပါတယ်။ "မွေးမြူရေးပညာဘွဲ့"သင်တန်းမှာဆိုရင် မွေးမြူထုတ်လုပ်ရေးပညာရပ်များအပြင် မွေးမြူရေးခြံစီမံခန့်ခွဲရေး၊ မွေးမြူရေးဆိုင်ရာစီးပွားရေး၊ အစားအစာပြုပြင်ထုတ်လုပ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစရှိတဲ့ ဘာသာရပ်တွေကို သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ "တိရစ္ဆာန်ဆေးပညာဘွဲ့"သင်တန်းမှာဆိုရင် တိရစ္ဆာန်ဆေးကုသရေးနဲ့ ဆက်စပ်ဘာသာရပ်များအပြင် ပြည်သူ့ကျန်းမာရေးကို အထောက်အကူပြုမယ့် တိရစ္ဆာန်မှလူကို ကူးစက်တတ်တဲ့ရောဂါများ (Zoonoses) ထိန်းချုပ်ရေး၊ အသားစစ်ဆေးခြင်းနဲ့ဆိုင်တဲ့ ပညာရပ်တွေကိုသင်ကြားပေးသွားမှာဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ တိရစ္ဆာန်မှလူကိုကူးစက်တတ်တဲ့ ရောဂါတွေဖြစ်တဲ့ ခွေးရူးရောဂါ၊ ကြက်ငှက်တုပ်ကွေး၊ အီဘိုလာစတဲ့ရောဂါတွေရဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နေရတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့်ဒီရောဂါတွေကိုတိရစ္ဆာန်ကနေတစ်ဆင့် လူတွေဆီကို မကူးစက်အောင် တားဆီးကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ မျက်မှောက်ခေတ်ရဲ့ အရေးပါတဲ့ ဆောင်ပုဒ်တစ်ခုဖြစ်တဲ့ "တစ်ခုတည်းသောကမ္ဘာ တစ်ခုတည်းသောကျန်းမာရေး" (One World One Health) အတွက် မိမိတို့ တက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ပညာရှင်တွေကလည်း မဖြစ်မနေ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

### အသင်းဝင်အဖြစ် အသိအမှတ်ပြုပေး

သားတို့သမီးတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်နေပြည်သူတွေရဲ့ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေမယ့် မွေးမြူရေးပညာဘွဲ့ရ မွေးမြူရေးပညာရှင်တစ်ဦးဖြစ်ဖို့ လေးနှစ်သင်တန်း စာတွေ့၊ လက်တွေ့တက်ရောက်ရမယ့်အပြင် "မွေးမြူရေးဆိုင်ရာ ပညာရပ်များအသင်း" (LSA) ရဲ့ဦးဆောင်မှုနဲ့ ကျေးရွာတွေကို ကွင်းဆင်းလေ့လာရေးခရီးတွေ သွားရောက်ပြီး ကျေးရွာတွေရှိ မွေးမြူရေးလုပ်ငန်းတွေကို လေ့လာခြင်း၊ မွေးမြူသူတွေကို မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတတွေ ဖြန့်ဝေပေးခြင်း၊ အခြေခံလူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်တွေကောက်ခံခြင်းတို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်ရှိ သရုပ်ပြမွေးမြူရေးခြံတွေ၊ စားကျက်စိုက်ခင်းတွေမှာ လက်တွေ့လေ့ကျင့်ခြင်း၊ ကျောင်းပိတ်ကာလတွင် မွေးမြူရေးကုမ္ပဏီတွေ၊ စီးပွားဖြစ်မွေးမြူရေးခြံတွေမှာ လုပ်ငန်းခွင်အကြိုလေ့လာရေးတွေလည်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ မွေးမြူရေးပညာဘွဲ့ရရှိပြီးပါက မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် (MLF) မှ မွေးမြူရေးပညာရှင် အသင်းဝင်အဖြစ် အသိအမှတ်ပြုပေးမှာ ဖြစ်ပါတယ်။

### စာတွေ့လက်တွေ့များ လုပ်ဆောင်

ဒါ့အပြင် သားတို့သမီးတို့အနေနဲ့ ပြည်သူပြည်သားတွေရဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်တဲ့ ရောဂါတွေ ထိန်းချုပ်ရေးတို့အတွက် အရေးပါတဲ့ တိရစ္ဆာန်ဆေးပညာဘွဲ့ရ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဖြစ်လာဖို့ သင်တန်းကာလ ခြောက်နှစ်အတွင်း စာတွေ့လက်တွေ့တွေ လုပ်ဆောင်ရမယ့်အပြင် နေပြည်တော်အနီးတစ်ဝိုက်ရှိကျေးရွာတွေကို အလှည့်ကျသွားရောက်ပြီး နယ်လှည့်ဆေးကုဖို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ တက္ကသိုလ်ရှိ သင်ကြားရေးအထောက်အကူပြု တိရစ္ဆာန်ကုဆေးရုံတွင် လက်တွေ့ဆေးဝါးကုသခြင်း၊ ခွဲစိတ်ကုသခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်တွေကို ကယ်ဆယ်စောင့်ရှောက်နိုင်ဖို့အတွက် ကမ္ဘာ့တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WAP) ရဲ့ အကူအညီနဲ့ အစပြုခဲ့တဲ့ Veterinary Emergency Response Unit(VERU) Training and Drill တွေကိုလည်း လေ့ကျင့်ရမှာဖြစ်ပါတယ်။ တက္ကသိုလ်မှာ လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်းတွေအပြင် စာတွေ့နဲ့လက်တွေ့ပေါင်းစပ်နိုင်ဖို့အတွက် တက္ကသိုလ်ပြင်ပကွင်းဆင်းလေ့လာရေးခရီးတွေအဖြစ် မွေးမြူရေးဇုန်တွေ၊ ဆင်စခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ငါးလုပ်ငန်းစခန်းတွေ သွားရောက်လေ့လာခြင်းအပြင် "ဆေးခန်းဆိုင်ရာ ပညာရပ်များအသင်း" (CSA)က ကြီးမှူး၍ နှစ်စဉ်ကျေးရွာများသို့ သွားရောက်ကာ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ လူထုပညာပေးခြင်း၊ ရောဂါပျံ့နှံ့မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်ဆုံးနှစ်သင်တန်းမှာ "ဘွဲ့ယူကျမ်း"အတွက် အုပ်စုငယ်တွေအလိုက် သုတေသနဆောင်ရွက်ခြင်း၊ စာတမ်းပြုစုခြင်းတွေ လုပ်ဆောင်ရမယ့်အပြင် တိရစ္ဆာန်ကုဆေးခန်းတွေ၊ ဆေးရုံတွေ၊ မွေးမြူရေးကုမ္ပဏီတွေ၊ စီးပွားဖြစ်မွေးမြူရေးခြံတွေမှာ လုပ်ငန်းခွင် အကြိုလေ့လာရေးတွေလည်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ "တိရစ္ဆာန်ဆေးပညာဘွဲ့" ရရှိပါက မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ (MVC) မှလည်း တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင် (တဆမ) လက်မှတ်အပ်နှင်းပေးမှာဖြစ်ပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (MVA) မှာလည်း အသင်းဝင်အဖြစ် ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။

**ပြည်သူ ပြည်သားတွေရဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်တဲ့ ရောဂါတွေ ထိန်းချုပ်ရေးတို့အတွက် အရေးပါတဲ့ တိရစ္ဆာန်ဆေးပညာဘွဲ့ရ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦး ဖြစ်လာစေဖို့ သင်တန်းကာလ ခြောက်နှစ်အတွင်း စာတွေ့လက်တွေ့တွေ လုပ်ဆောင်ရမယ့်အပြင်....**

### မကြာမီ လျှောက်လွှာခေါ်ယူသွားမှာဖြစ်

ဘွဲ့ကြိုကာလ အတွင်းမှာလည်း ထူးချွန် ကျောင်းသား ကျောင်းသူတွေ အနေဖြင့် နိုင်ငံခြားတိုင်းပြည်တွေမှာ ပညာတော်သင်တွေ၊ လေ့လာရေးခရီးတွေ သွားရောက်နိုင်မှာ ဖြစ်ပါတယ်။ အခြေခံဘွဲ့ရရှိပြီးပါက မဟာဘွဲ့၊ ပါရဂူဘွဲ့တွေကိုလည်း ဆက်လက်ဆည်းပူးရင်း နိုင်ငံရဲ့သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမယ့် သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါ တယ်။

မိမိတို့တက္ကသိုလ်ဘွဲ့ရမောင်မယ်များဟာ အစိုးရဌာနတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အလွန်ပေါများပါတယ်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေအနေနဲ့ မွေးမြူရေးလုပ်ငန်းတွေ၊ တိရစ္ဆာန်ကုဆေးခန်းတွေကို အောင်မြင်စွာလုပ်ကိုင်နေကြသူတွေလည်း အများကြီးရှိပါတယ်။ တက္ကသိုလ်အကြောင်း အသေးစိတ်သိလိုပါက အင်တာနက်ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်တွေမှာလည်း ရှာဖွေဖတ်ရှုနိုင်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်လမ်းညွှန်စာအုပ်ရဲ့ အချက်အလက်တွေကို လေ့လာကာ ဝင်ခွင့်ကိုတော့ တက္ကသိုလ်သို့ တိုက်ရိုက် လျှောက်ထားရမှာဖြစ်ပြီး နိုင်ငံပိုင် သတင်းစာတွေကနေ မကြာမီ လျှောက်လွှာခေါ်ယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မွေးမြူဆေးကုပညာရပ်တွေ စိတ်ဝင်စားတဲ့ သားငယ် သမီးငယ်တွေ အနေနဲ့ လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

ကိုယ်အမှန်တကယ် စိတ်ဝင်စားပြီး လေ့လာဆည်းပူးသမျှကို လက်တွေ့အသုံးချကာ အသက်မွေးမှုပြုနိုင်တဲ့ နိုင်ငံအကျိုးပြုလုပ်ငန်းတွေမှာ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်တဲ့ သားကောင်းရတနာ သမီးကောင်းရတနာများ ဖြစ်လာကြပါစေ။ ။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၄**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Daniel Patrick Brendon Chugg နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ပေးထားသည့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နေမှု အခြေအနေ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမရှိစေရေး CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း ဇွန်လမှစတင်ဆောင်ရွက်လျက်ရှိ

## အမှန်တကယ် နေထိုင်လျက်ရှိသော လူဦးရေစာရင်း မကြာမီ ကောက်ယူပြုစုမည်

**ရန်ကုန် ဇွန် ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီ ၁၅ ဖွဲ့မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ၊ International Foundation for Electoral System (IFES) မှ Mr. Paul Gueri Obe၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ဆောင်ရွက်ကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံ မဲဆန္ဒရှင်စာရင်းရရှိရေး၊ လူဦးရေစာရင်းပြုစုခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန်လမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်စာရင်း ပြုစုရေးအတွက် ပထမအဆင့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်း ကောက်ယူပြုစုခြင်းလုပ်ငန်းအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက မကြာမီကောက်ယူပြုစုသွားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



အစည်းအဝေးတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က တရားစွဲအဖွဲ့အစည်းများမှ သက်သေအထောက်အထားခိုင်မာစွာ ရှိနေပါသော်လည်း ထိုခိုင်မာသော အထောက်အထားများအား ထိမ်ချန်ခြင်း၊ မျက်ကွယ်ပြုခြင်းများကြောင့် ဖြစ်ရပ်မှန်မပေါ်ပေါက်ဘဲ အမှုလမ်းကြောင်းလွဲမှားကာ အမှုမှန်ပေါ်ပေါက်ခြင်းမရှိဘဲ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်ပါသဖြင့် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများမှ ထိန်းကျောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေးက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ရန်ကုန်တိုင်းဒေသကြီး တိုင်ကြားစာများ၊ အသနားခံစာများကို စိစစ်ရာတွင် တရားစွဲ အဖွဲ့အစည်းများ၏ လွဲချော်မှုကြောင့် အမှန်တကယ်နစ်နာသော ပြည်သူလူထုများစွာ ရှိပါကြောင်း၊ ယင်းနစ်နာမှုများ ပပျောက်အောင် တရားမျှတမှုသည် လူတန်းစားမရွေးမှန်ကန်သော စီစဉ်ဆောင်ရွက်မှု ဖြစ်စေရန်၊ နစ်နာမှုများ ချုပ်ငြိမ်းစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက တိုင်ကြားစာကိစ္စများ အဖွဲ့များအနေဖြင့် တရားရုံးကိစ္စအား သွားလာလေ့လာနိုင်စေရန် သက်ဆိုင်ရာ တရားရုံးအသီးသီးကို ညွှန်ကြား ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ အမှုတစ်ခုကို စစ်ဆေးနေစဉ် တရားသူကြီးက အမှု၏ အခြေအနေနှင့် သက်သေခံချက် မခိုင်လုံမှု၊ ပြည့်ဝမှုစသည့် ကိစ္စရပ်များကို ပြောပိုင်ခွင့် မရှိကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် သွားမည်ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြောင်းကြားရန် လိုအပ်ကြောင်း၊ ရုံးအသီးသီးထံ စာထုတ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော် သမ္မတထံမှ ပေးပို့ထားသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့က လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၂၅ ရက်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၄ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက်နေ တင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၆-၂၀၁၉ ရက်နေ့တွင် တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ တင်ဝင်း(၄၆)နှစ်၊ (ဘ)ဦးတိုက်ဝေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ WY နှင့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၊ ထီးချိုင့်ကားလမ်းဘေး၊ အမှတ်(၂)တံတားအနီးရှိ "အေးငြိမ်းရွှေစင်" စားသောက်ဆိုင်နေ စိုးရန်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၆-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၊ ထီးချိုင့်ကားလမ်းဘေး အမှတ်(၂)တံတားအနီးရှိ "အေးငြိမ်းရွှေစင်" စားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ စိုးရန်နိုင်(၂၇)နှစ်၊ (ဘ) ဦးမောင်မောင်စိုးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကသာ)မယ(ပ) ၄၇/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ သင်းဝင်ကျေးရွာနေ ဝင်းထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၆-၂၀၁၉ရက်နေ့တွင် မင်းကင်းမြို့နယ်၊ သင်းဝင်ကျေးရွာနေ ဝင်းထွန်းနိုင်(၃၈)နှစ်၊ (ဘ)ဦးအောင်ညွန့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မောက္ကတော်) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၆-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်(၂၄)နှစ်၊ (ဘ)ဦးစိန်ဝင်း(ခ)သာပိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ၎င်း၏အစ်မ မိစန်းဝင်း(၃၈)နှစ်နှင့် ခင်ပွန်း ခင်ဌေး(၃၆)နှစ်၊ (ဘ)ဦးစိုးတင်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ တူမီးသေနတ်(၁)လက်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၃)ဦးအား မမစ(ကျွန်းစု) မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ)/ ၂၁နှင့်မမစ(ကျွန်းစု)(ပ)၂၄/ ၂၀၁၉၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)တို့ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရေဝဏ်လမ်းမကြီး၊ YBS (၈၉)ကားဝင်းရှိ နောင်နောင်နှင့် ညီအစ်ကိုများ ကားအဲကွန်း/ ဝါယာရိန်းပြုပြင်ခြင်းနှင့် လေထိုးကျွတ်ဖာဆိုင်နေ နောင်နောင်နှင့် မွတ်တားတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၆-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရေဝဏ်လမ်းမကြီး၊ YBS (၈၉)ကားဝင်းရှိ နောင်နောင်နှင့် ညီအစ်ကိုများ ကားအဲကွန်း/ဝါယာရိန်းပြုပြင်ခြင်းနှင့် လေထိုးကျွတ်ဖာဆိုင်သို့ ဝင်ရောက်ရှာဖွေရာ နောင်နောင် (ခ)ကျော်သူရ(၃၄)နှစ်၊ (ဘ) ဦးသန်းမြင့်နှင့် ညီဖြစ်သူ မွတ်တား (ခ)အောင်သူရ(ခ)ရာကြီး(ခ)ရာရား (၂၈)နှစ်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာကေတ) မယ(ပ)၃၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၂-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း ၆၆၃ မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၈၇၅) ဦး၊ မ (၁၆၆) ဦး၊ ပေါင်း (၁၀၄၁) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၃၉၈.၆၁၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၂၁.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၂၆၃၃)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၇) လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၃၉၆)ဂရမ်၊ တနိုင်းမြို့၊ ဟူးကောင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၉၀)ဂရမ်၊ မံစီမြို့နယ်၊ မံရကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းနောင်ကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၅၀၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မောက်မောက်လာကျေးရွာအဝင်လမ်းပေါ်၌ စိစစ်စဉ် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၄)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကော့ပရံကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး (၃)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၇၅)ပြား၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက် လမ်းပေါ်၌ သတင်းအရ Caldina ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မွန်ပြည်နယ်၊သထုံမြို့၊ ဘင်လိုင်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ လမိုင်းမြို့၊ နှစ်ကရင်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစာရွက်(၂၀၀)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ အကွက်(၄)၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာရွက်(၄၅၆)ဂရမ်၊ ဘိန်းစာရည်(၀.၀၀၃၅)လီတာ၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၃)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်တွေမြို့နယ်၊ ချမ်းသာရကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂)ပြား၊ မကျည်းမြိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ်(၄)စီး၊ မြောက်ဦးမြို့၊ ထမ္မရဇ်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပေါက်တောမြို့၊ အနောက်ပိုင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈)ပြား၊ ဘူးသီးတောင်မြို့နယ်၊ တောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅)ပြား၊ မြို့မရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်း၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၅၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရေပူကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွန်ကျောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၇၀)ပြား၊ တောင်နီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၉၅)ပြား၊ ဘိန်းဖြူ(၃၈၀)ဂရမ်၊ ဘိန်းဆီခဲ(၁၆.၃၃)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖယ်ခုံမြို့နယ်၊ ညောင်ပိုင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပွဲကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၂၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လွိုင်လင်မြို့အထွက် ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ Surf ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ketamine(၃၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းရယ်မြို့နယ်၊ မိုင်းရယ်-မိုင်းရှူးသွားကားလမ်း မိုင်တိုင်(၅၀/၃)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ နမ့်ခမ်းမြို့နယ်၊ လွယ်လင်ကန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၁၆၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ တုံစင့်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၅၅)ပြား၊ ကွမ်းလုံမြို့နယ်၊ နမ့်ကျွမ်းကျေးရွာအနီး နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် တောင်ယာတဲတစ်ခုအတွင်းမှ ပိုင်ရှင်မဲ့ ဘိန်း (၁၀၀၀)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှစိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ်ကျေးရွာဝန်းကျင်၌ နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်များတိမ်းရှောင်နေပြီး စိတ်ကြွဆေးပြား (၇၃၉၇၂၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၄၆၀၆၈)ဂရမ်၊ ဘိန်းဖြူ(၉၆၇၃)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၄၀၁၈၀) ဂရမ်၊ ကဖင်း(၁၃၀၀၀)ဂရမ်၊ ဓာတုဆေးမှုန့်(၁၀၁၀၀)ဂရမ်နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပူနားကိုကျေးရွာဝန်းကျင်တွင် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်များ တိမ်းရှောင်နေပြီး စိတ်ကြွဆေးပြား(၅၅၀၀၀၀)ပြား၊ ကဖင်း (၆၆၀၀၀)ဂရမ်၊ ဓာတုပစ္စည်းများဖြစ်သည့် Hydrochloric Acid (၅၆) လီတာ၊ Sodiumhydroxide (၂၅၂၀၀၀) ဂရမ်၊ Ethyl Ether (၆)လီတာနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ Vigo ယာဉ်(၂)စီး၊ Toyota Avanza ယာဉ်(၁)စီး၊ သတင်းကွင်းဆက် အရ အားဆော်ပေါ် မိုးကျေးရွာ၏ မြောက်ဘက် တောစပ်မြေကြီးအတွင်း ဖုံးကွယ်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၆၀၀၀)ပြား၊ အားဝေါဖယားကျေးရွာအနီး လှိုဏ်အတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၁၂၀၀၀) ပြား၊ ဘိန်းဖြူ(၄၀) ဂရမ်၊ ဓာတုဆေးမှုန့်(၃၅၀၀)ဂရမ်၊ ခါကြားဒေကျေးရွာအနီး လှိုဏ်အတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၁၁၅၀၀)ပြား၊ ဓာတုပစ္စည်းများဖြစ်သည့် Ethyl Ether (၁၈၀)လီတာ၊ Hydrocloric Acid (၃၀၄) လီတာ၊ ကျဘိုရှဲကျေးရွာအနောက်ဘက်တောင်စောင်း ဘေးလှိုဏ်အတွင်း၌ မြေကျင်းတူးမြှုပ်နှံထားသည့် ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ တာချီလိတ်မြို့နယ်၊ ရေပူစမ်းကျေးရွာဝန်းကျင်၌ နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် လှိုဏ်အတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၄၀၈၃)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁၀၀) ဂရမ်၊ အာဒီးကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်ခြံဝင်းအတွင်းရှိ Pajero ယာဉ်၏အင်ဂျင်ခန်းအတွင်းမှ စိတ်ကြွဆေးပြား(၅၆၀၀)ပြား၊ ဘိန်းဖြူ(၂၅၂)ဂရမ်၊ ICE(၄၄၉) ဂရမ်၊ ဘိန်း(၁၈၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စကားပြောစက်(၃)လုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ စီမော်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၅၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကောလင်းမြို့နယ်၊ ကညွတ်အင်းကျေးရွာအနီး ကညွတ်အင်း-ဆင်ကုန်းကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ မြစိမ်းကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုး သား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ဘိန်း(၁၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့၊ နန်းမွန်းတားကျေးရွာအဝင် တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၉၇)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ အော်သောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၂) ဦးတို့ထံမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ မြတ်လေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ချမ်းမြေ့သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဇေယျာသီရိ(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ လမင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ

**စာမျက်နှာ ၉ သို့ »»»**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အာရှပစိဖိတ်ဒေသ ဆက်သွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဇွန် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် စင်ကာပူနိုင်ငံတွင် ဇွန် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အာရှပစိဖိတ်ဒေသ ဆက်သွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန်အတွက် ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။




အာရှပစိဖိတ်ဒေသ ဆက်သွယ်ရေးဝန်ကြီးများ အစည်းအဝေးကို အာရှပစိဖိတ်ဒေသ ဆက်သွယ်ရေးအသိုက်အဝန်းကကြီးမှူး၍ ငါးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ဒေသတွင်းမှ ဆက်သွယ်ရေးဝန်ကြီးများ တက်ရောက်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ဝန်ကြီးသည် စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန ဝန်ကြီး၏ဖိတ်ကြားချက်အရ အာရှနှင့် ပစိဖိတ်ဒေသ ဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေးအပြီး ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် Straits Digital Exchange (SDE) တံခါးပိတ်ဆွေးနွေးပွဲသို့ ဆက်လက် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

■ **ဆီးဂိမ်းပြိုင်ပွဲမှ**

လေ့ကျင့်မှုရပ်နားထားကာ ဩဂုတ်လတွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအထိ တောက်လျှောက်လေ့ကျင့်သွားမည်ဖြစ်ပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ စက်တင်ဘာလလယ်မှ ပြီးဆုံးမည်ဖြစ်သောကြောင့် ကစားသမားများကို ပြိုင်ပွဲအပြီးထိ ကစားခွင့်ပြုမည်ဖြစ်ကာ လိဂ်ပြိုင်ပွဲပြီးဆုံးမှ ဆက်တိုက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာလဆန်းတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်ထားပြီး အောက်တိုဘာလတွင် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြချုပ်ပိုပေါ့ဗ် တင်ပြထားသည့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြင်ဆင်လိုသည့်အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ၁၀ ပွဲဝန်းကျင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာရှထိပ်သီးနိုင်ငံများသို့ သွားရောက်လေ့ကျင့်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

■ ကျောဖုံးမှ

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| ၁ | **အိမ်သုံးအမျိုးအစား** | ၁ မှ ၃၀ | ၃၅ |
| | ■ နေအိမ်သုံး | ၃၁ မှ ၅၀ | ၅၀ |
| | ■ အိမ်သုံးပါဝါ | ၅၁ မှ ၇၅ | ၇၀ |
| | ■ တစ်လုံးတစ်ခဲတည်း (အိမ်သုံး) | ၇၆ မှ ၁၀၀ | ၉၀ |
| | ■ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာ အဆောက်အအုံ | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |
| ၂ | **အိမ်သုံးမဟုတ်သည့် အမျိုးအစား** | ၁ မှ ၅၀၀ | ၁၂၅ |
| | ■ စက်မှုလုပ်ငန်းများ | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | ■ စီးပွားရေးလုပ်ငန်းများ | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | ■ တစ်လုံးတစ်ခဲတည်း | ၁၀၀၀၁ မှ ၂၀၀၀၀ | ၁၅၅ |
| | ■ ယာယီသုံး | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | ■ လမ်းမီး | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | ■ အစိုးရရုံးဌာန အဖွဲ့အစည်းများ ■ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ ■ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ ■ မြစ်ရေတင်လုပ်ငန်း ■ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ ■ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ■ နိုင်ငံခြားသံရုံးများ ■ နိုင်ငံတကာအဖွဲ့အစည်းများ | ၁၀၀၀၀၁ နှင့်အထက် | ၁၈၀ |

»»› စာမျက်နှာ ၈ မှ

ဘိန်းစာမှုန့်(၈၀)ဂရမ်၊ နောက်လယ်ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၇)ပြား၊ ICE(၄.၅)ဂရမ်၊ ဆေးခြောက်(၇)ဂရမ်၊ ကွန်းစုမြို့နယ်၊ ပထော်ကျေးရွာ၌ သတင်းအရ ခရီးသည်တင်စက်လှေအားစိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၇)ပြား၊ စက်လှေ(၁)စင်း၊ ယခင်သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများတွင် စက်လှေနစ်မြုပ်၍ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း ပုလောမြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ်တို့၏ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများ၌ ပလတ်စတစ်ထုပ်များ တွေ့ရှိသိမ်းဆည်းရမိပြီး ၎င်းတို့အတွင်းမှ ရေစို၍ အလေးချိန်စိစစ်မရ ICE အထုပ်(၂၈)ထုပ်နှင့် ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၃၀) အတွင်းမှ ICE(၂၇၁၀၀)ဂရမ်တို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့ အေးချမ်းသာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ သာယာဝတီမြို့ ကျောင်းစုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅)ပြား၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ ဈေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ စပ္ပါယ်နဂိုရ်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပေါက်တပင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ကျောက်ဆည်မြို့လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပေါက်တောမီးပွိုင့်အနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဆည်ထိပ်ထန်းတောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၅၃)ပြား၊ ဆက်လက်ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ လားရှိုးမြို့ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇၅)ပြား၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄၃၈၇)ပြား၊ ICE(၁၀၁)ဂရမ်၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆေးခြောက်(၁၀၀)ဂရမ်၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၈၀)ပြား၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ Ecstasy ဆေးပြားအကြေမှုန့်(၀.၂)ဂရမ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်းနှင့် ဗိုလ်ဖိုးစောလမ်းထောင့်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀)ပြား၊ သန်လျင်မြို့နယ်၊ အလွှမ်းဆွတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၆)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ ကျင်သီကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၀၀)ပြား၊ တူမီးသေနတ်(၁)လက်၊ ဒီတိုနေတာ(၃)ချောင်း၊ ယမ်းအုံ(၂)ခု၊ Wish ယာဉ်(၁)စီး၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ် (၁)ကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၂၈၅၀၀၀၀)ပြား၊ ဘိန်းဖြူ(၁၄၄၀၀)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ခြောက်လုံးပြူးသေနတ် (၁)လက်၊ ပွိုင့်-၂၂သေနတ်(၂)လက်၊ M-16 ပြောင်းတိုသေနတ်(၁)လက်၊ ကာဘိုင်သေနတ်(၂)လက်၊ စတင်းသေနတ်(၁)လက်၊ နှစ်လုံးပြူးသေနတ်(၂)လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ်(၅)လက်၊ ပေါင်း(၁၅)လက်၊ စတင်းကျည်အိမ်(၁)ခု၊ ၅.၅၆ ကျည်(၃၀၀)တောင့်၊ ကွင်းဆက်သတင်းအရ မယ်ကြုတ်(၃)ကျေးရွာ အနောက်မြောက်ဘက် လယ်တဲအား စိစစ်စဉ် ပိုင်ရှင်စိစစ်ဆဲ စိတ်ကြွဆေးပြား(၁၇၇)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၉)ဂရမ်၊ ၉ မမ ကျည်(၆)တောင့်၊ ကာဘိုင် ကျည်(၂)တောင့်၊ ပူနားကိုကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ Ephedrine (၄၀၀၀)ဂရမ်၊ ၅.၅၆ ကျည်(၁၄)တောင့်၊ ၇.၆၅ ကျည်(၃၃)တောင့်၊ ၉ မမကျည်(၅၀)တောင့်၊ ၁၂ ဗို့ကျည်(၂)တောင့်၊ ကွင်းဆက်သတင်းအရ ၎င်းကျေးရွာ၏နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်ရှေ့၌ မြေကျင်းတူးဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား (၄၈၀၀)ပြား၊ ဘိန်း(၂၄၀၀)ဂရမ်၊ သေနတ်ပြောင်း (၁)ခု၊ တစ်လုံးထိုးသေနတ်ကိုယ်ထည်(၁)ခု၊ ၎င်းကျေးရွာအနီး အားဆော်ပေါ်မိုး-ပူနားကို ကျေးရွာချင်းဆက်လမ်းဘေးအမှိုက်ပုံ၌ ဆာလာအိတ်အတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ Ketamine(၅၀၀၀)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခုတို့အားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ချပ်ကုန်း-ချပ်သင်းကျေးရွာသွားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား စစ်ဆေးရန် တားဆီးစဉ် စစ်ဆေးရေးအဖွဲ့အား ဆိုင်ကယ်နှင့် ပွတ်တိုက်မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ တရားခံအမျိုးသား(၁)ဦး မစိုးရိမ်ရဒဏ်ရာရရှိပြီး ဘိန်းဖြူ (၁၁) ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၆-၆-၂၀၁၉ ရက်နေ့မှ ၂၂-၆-၂၀၁၉ ရက်နေ့အထိ)အတွင်းအမှုပေါင်း(၂၆၆)မှု၊ တရားခံကျား(၂၈၀)ဦး၊ မ(၄၄)ဦး၊ ပေါင်း(၃၂၄)ဦး၊ စိတ်ကြွဆေးပြား (၁၁၂၇၁၀၀၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၄၆၁၇၇)ဂရမ်၊ ဘိန်းဖြူ (၂၆၄၆၇.၉၅၁၅)ဂရမ်၊ ICE (၃၉၆၈၄.၄)ဂရမ်၊ Ketamine(၃၅၀၀၀)ဂရမ်၊ ကဖင်း(၇၉၀၀၀)ဂရမ်၊ ဘိန်း(၆၂၉၃.၄) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၀၂၇၀)ဂရမ်၊ ဘိန်းစာမှုန့်(၈၀)ဂရမ်၊ ဘိန်းစာရွက်(၆၅၆)ဂရမ်၊ ဘိန်းစာရည်(၀.၀၀၃၅) လီတာ၊ ဘိန်းဆီခဲ(၃၄.၃၃)ဂရမ်၊ ဆေးခြောက်(၁၇၃)ဂရမ်၊ဆက်စပ်ဓာတုပစ္စည်းများဖြစ်သည့် Hydrochloric Acid (၃၆၀)လီတာ၊ Ethyl Ether (၁၈၆)လီတာ၊ Ephedrine (၄၀၀၀)ဂရမ်၊ Sodiumhydroxide (၂၅၂၀၀၀)ဂရမ်၊ ဓာတုဆေးမှုန့်(၁၃၁၆၀၀)ဂရမ်၊ Ecstasy ဆေးပြားအကြေမှုန့်(၀.၂)ဂရမ်၊ သေနတ်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ (၄၀၇)တောင့်၊ ကျည်အိမ်မျိုးစုံ(၂)ခု၊ သေနတ်ပြောင်း(၁)ခု၊ တစ်လုံးထိုးသေနတ်ကိုယ်ထည်(၁)ခု၊ ဒီတိုနေတာ (၃)ချောင်း၊ ယမ်းအုံ(၂)ခု၊ စကားပြောစက်(၃)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇွန် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မကာဟိုခမ်းရပ်ကွက် အထက တာချီလိတ်၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ်စာရေးဆရာအသင်းရုံးရှိ နေ့သစ်ရည်ညွှန်းစာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာကာ စာရေးဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှုနှင့် နံရံကပ်စာစောင် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကလေးစာဖတ်ခန်းတွင် စာပေလေ့လာဖတ်ရှုနေကြသော ကျောင်းသားကျောင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး စာကြည့်တိုက်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ တာဝန်ရှိသူထံ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။ **အောင်မင်းဟန်**



# ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများ ပြုလုပ်

**တာချီလိတ် ဇွန် ၂၄**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်နေမှုများကို ယနေ့နံနက် ၉ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**လေ့ကျင့်မှုများဆောင်ရွက်**

ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများ ကျင်းပရာသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပွဲတော်တွင်ပါဝင်မည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက် လေ့ကျင့်မှုများဆောင်ရွက်ခဲ့ကြသည်။ တာဝန်ရှိသူများသည် ပွဲတော်တွင် ခင်းကျင်းပြသမည့် ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ကလေးစာပေပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များ၊ အသိပညာပေးပြခန်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင် ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းကစားနည်းပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့်စာပေစကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည့်အပြင် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆိုပါဝင်ဆင်နွဲနိုင်ကြောင်း သိရသည်။

**အောင်မင်းဟန်**

**ဓာတ်ပုံ- သန်းထွန်းအေး(ပြန်/ဆက်)**

# ကလေးစာပေပွဲတော် (တာချီလိတ်)တွင် ကလေးကဗျာပြခန်းအပါအဝင် ပြခန်းအမျိုးအစားစုံလင်စွာ ပြသမည်

**တာချီလိတ် ဇွန် ၂၄**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် တာချီလိတ်တွင် ကလေးများအတွက် အသိပညာဗဟုသုတတိုးပွားစေမည့် ပြခန်းပေါင်း ၁၉ ခန်းကို အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။



ကလေးစာပေပြခန်း၊ ကလေးကဗျာပြခန်း၊ ကျောက်စာနှင့်ကာတွန်းပြခန်း၊ သုတဒါနအသိပညာဖွံ့ဖြိုးရေးပြခန်း၊ ရှမ်းအမျိုးသားယဉ်ကျေးမှုပြခန်း၊ Sun Moon Light ပြခန်း၊ လားဟူတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း၊ အာခါစာပေနှင့်ယဉ်ကျေးမှုပြခန်း၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပြခန်း၊ ပညာရေးဦးစီးဌာနပြခန်း၊ ရွှေမဟာပြခန်း၊ ရှမ်းအရှေ့တန်ဆောင်ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်းများ၌ ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ပြသထားမည်။ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးပြခန်း၊ မူးယစ်ပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြခန်းများ ပါဝင်မည်ဖြစ်ပြီး အဆိုပါပြခန်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြဘုတ်များကို ပြသထားမည်။

ကလေးကဗျာပြခန်းတွင် မြန်မာပြည်၏ ကလေးစာပေဖခင်ကြီးတစ်ဦးလည်းဖြစ်၊ ကဗျာဆရာကြီး ဖြစ်သလို အဘိဓာန်ကျမ်းများလည်း ပြုစုသည့် ပညာရှင်တစ်ဦးဖြစ်သူ၊ စာပေနယ်တွင် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဆရာကြီးမင်းသုဝဏ်၏ မြန်မာစာပေနယ်တွင် ရှားပါးသည့် ကလေးစာပေများ၊ ကဗျာ၊ အလင်္ကာ၊ ပုံပြင်စသည့် ကလေးစာပေများကို စုံလင်စွာ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် ထိုင်း-မြန်မာနယ်စပ် တာချီလိတ်ဒေသရှိ ရှမ်း၊ အာခါ၊ လားဟူ စသော တိုင်းရင်းသားကလေးငယ်များကလည်း တိုင်းရင်းသားဘာသာစကားများဖြင့် ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မှုနှင့်အတူ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးတို့ဖြင့်လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေချင်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ကလေးများငယ်စဉ်ဘဝကပင် လူရည်လူသွေး၊ ဉာဏ်ရည် ဉာဏ်သွေး ပြည့်စုံအောင် ရည်ရွယ်ကာ လူတော် လူကောင်းဖြစ်စေဖို့ ကလေးများကို လူကြီးများအနေဖြင့် မြေတောင်မြှောက်ပေးသည့် ဝတ္တရားရှိသည့်အတိုင်း ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းရင်းသား ဘာသာစကားဖြင့် ပုံပြင်ပြောခြင်းအစီအစဉ် ထည့်သွင်းစီစဉ်ထား

**တာချီလိတ် ဇွန် ၂၄**

ကလေးစာပေပွဲတော် (တာချီလိတ်)၌ တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် တိုင်းရင်းသားရိုးရာပုံပြင်ပြောနှင့် ကဗျာရွတ်ခြင်းအစီအစဉ် ထည့်သွင်းစီစဉ်ထားသည်။

အဆိုပါ တိုင်းရင်းသားပုံပြင်ပြောခြင်းအစီအစဉ်တွင် တာချီလိတ်ခရိုင်အတွင်းရှိ တိုင်းရင်းသားများ ဖြစ်ကြသည့် ရှမ်း၊ အာခါ၊ လားဟူ စသည့် တိုင်းရင်းသားများ၏ ရိုးရာပုံပြင်များကို ကိုယ်ပိုင်ဘာသာစကားအသီးသီးဖြင့် ပုံပြင်ပြောကြမည်ဖြစ်သည်။

ထို့အပြင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့်ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများသိရှိပြီး ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်များတွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတနှင့် လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်နိုင်ငံတော်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တာချီလိတ်မြို့နယ်အတွင်းရှိ ပညာရေးမိသားစုများနှင့်တွေ့ဆုံ

**တာချီလိတ် ဇွန် ၂၄**

တာချီလိတ်မြို့၌ ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ ညနေပိုင်းတွင် ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းခန်းမဆောင်၌ တာချီလိတ်မြို့နယ်အတွင်းရှိ ပညာရေးမိသားစုများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှမ်းပြည်နယ် ရှမ်းအရှေ့၌ ကျောင်းအရေအတွက် အင်မတန်နည်းပါးကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်မှုမူဝါဒမှာ ယခင်ကလို ကျောင်းသားဦးရေတစ်ခုတည်းတင်မဟုတ်ကြောင်း၊ ရှမ်းပြည်နယ်သည် သွားရေးလာရေးခက်ခဲပြီး တောင်တန်းထူထပ်သည့်အတွက် တစ်ဆင့်မြင့်ကျောင်းနှင့် နှစ်မိုင်စီသတ်မှတ်ချက်နှင့် ကိုက်ညီလျှင် သတ်မှတ်ပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ကျေးလက်နှင့် ဝေးသည့်ကျောင်းများကို ပိုပြီးပေးချင်ပါကြောင်း၊ ကျေးလက်နှင့် ဝေးလံသည့်ဒေသတွင် အလယ်တန်းအဆင့်ကျောင်းများ ပေးချင်ပါကြောင်း၊ မိမိတို့၏မူဝါဒသည် မည်သည့်ခွဲခြားမှုမျှ မရှိပါကြောင်း၊ မိမိတို့သည် ခွဲခြားမှုမရှိဘဲ တရားမျှတစွာဖြင့် အားလုံးကို ပံ့ပိုးပေးစေလိုပါကြောင်း၊ ကျောင်းလုံးဝမထွက်စေလိုကြောင်း၊ အထူးသဖြင့် မူလတန်းကျောင်းသား ကျောင်းသူအားလုံးကို သင်ယူပြီးမြောက်စေလိုပါကြောင်း၊ မူလတန်းတက်နေသူကလေးများကို မူလတန်းပြီးမြောက်သည်အထိ တက်ရောက်စေလိုပါကြောင်း။

မနက်ဖြန်ကျင်းပမည့် ကလေးစာပေပွဲတော်သည် ကလေးများစာပေနှင့် ပတ်သက်လျှင် ပျော်အောင်၊ စာများများဖတ်ပြီး သင်ယူမှုရှိအောင် လေ့ကျင့်ပေးခြင်းဖြစ်ပါကြောင်း၊ ဆရာကြီး ဆရာမကြီးများက ကောင်းစွာသင်ယူတတ်မှ၊ အရည်အချင်းရှိမှ ကျောင်းသား ကျောင်းသူများကိုလည်း မည်ကဲ့သို့ ကောင်းစွာသင်ယူရမည်ဆိုသည်ကို သင်ပေး၍ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတွင်ပျော်မှ ကောင်းစွာသင်ယူမည်ဖြစ်ပါကြောင်း၊ ကောင်းစွာသင်ယူတော့မှ သူသည် မူလတန်းပြီး အလယ်တန်း၊ အထက်တန်းကို ဆက်တက်မည်ဖြစ်ပါကြောင်း။



မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစာပေဟု ပြောရမည်ဆိုလျှင် Grade-1၊ Grade-2၊ Grade-3 မှာ အမျိုးသားပညာရေးဥပဒေအရ တိုင်းရင်းသားဘာသာစကားကို သင်ယူ၍ ရပါကြောင်း၊ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် သင်ယူ၍ရပါကြောင်း။ ပညာရေးဝန်ကြီးဌာနက လိုအပ်လျှင် Text Book ဖြစ်ဝေရန် တိုင်းရင်းသားဘာသာသင်သည့် ဆရာဆရာမများ လစာပေးပြီး ပူးပေါင်းလုပ်ဆောင်ပေး၍ ရပါကြောင်း။

ယနေ့ခေတ်တွင်စိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကို စားသုံး၍ နေ့စဉ်ကိုယ်ကာယလေ့ကျင့်ခန်းများလုပ်ပြီး ကျန်းမာရေးကောင်းမွန်ပါက ဆေးခန်းမသွားရသည့်အတွက်ငွေကုန်ကြေးကျသက်သာမည်ဖြစ်ပါကြောင်း။

ဤဒေသတွင် မူလတန်းပြဆရာ ဆရာမများ အများအပြား လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆရာ၊ ဆရာမများ၊ စာသင်ခန်းများ စသည်ဖြင့် ကျောင်းအသုံးအဆောင်များကို ဖြည့်ဆည်းပေးရန် များစွာလိုအပ်သည့်အတွက် ဘဏ္ဍာငွေလိုအပ်ကြောင်း၊ ကိုယ်လုပ်သည့်အလုပ်ကို အကောင်းဆုံးလုပ်နိုင်ရန် လိုပါကြောင်း၊ ၂၁ ရာစုအခြေအနေသည် ၂၀ ရာစုနှင့် မတူလုံးဝပြောင်းလဲသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးများသည် အင်္ဂလိပ်စာဘာသာတစ်ခုတည်း ကျွမ်းကျင်ရုံဖြင့်မလုံလောက်ဘဲ တိုင်းရင်းသားဘာသာစကားများလည်း တတ်မြောက်ရန်ပင် အထူးလိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက်တာချီလိတ်မြို့နယ်အတွင်းရှိ တာချီလိတ်၊ တာလေ၊ ကျိုင်းလပ် စသည့် မြို့များရှိ အခြေခံပညာကျောင်းများမှ ပညာရေးတာဝန်ထမ်းဆောင်နေသော ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ များက ပညာရေး၊ ကျန်းမာရေးစသည့်လုပ်ငန်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ဖားကန့်ဒေသ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ဖားကန့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ကျောက်မျက်ရတနာအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကျောက်မျက်ရတနာအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ တွေ့ဆုံရသော အကြောင်းရင်းသည် ဖားကန့်ဒေသရှိ အလုပ်သမားများနှင့်ဒေသခံပြည်သူများ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကျောက်မျက်လုပ်ငန်းရှင်ကြီးများ၏ ပူးပေါင်းပါဝင်မှုနှင့်အကြံပြုချက်များကို သိရှိလို၍ ဖြစ်ပါကြောင်း၊ ဖားကန့်ဒေသတွင်ရှိသော အလုပ်သမားများ၊ ရေမဆေးကျောက်ရှာဖွေသူများနှင့် ဒေသခံများ ဥပဒေနှင့်အညီ အလုပ်လုပ်ကိုင်နေထိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေးလိုပါကြောင်း၊ ဖားကန့်ဒေသရှိ အလုပ်သမားများနှင့်ဆက်စပ်၍ မူးယစ်ဆေးဝါးကိစ္စရပ်များ၊ ဒုစရိုက်မှုများ ဖြစ်ပွားမှုလျော့နည်းစေရန် တရားဥပဒေစိုးမိုးရေးသည် အလေးထားဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများပြီးဆုံးပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို စာချုပ်ပါ စည်းကမ်းများအတိုင်း လိုက်နာဖော်ဆောင်ကြရန်လည်း လိုအပ်ပါကြောင်း၊ ဒေသခံ တိုင်းရင်းသားများနှင့် လက်လုပ်လက်စားများအတွက် အသေးစားလုပ်ကွက်များ ခွင့်ပြုပေးရန်လည်း ဆောင်ရွက်နေပါကြောင်း၊ ကျောက်အချောထည် လုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်ရုံ၊ စက်ရုံများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ဖားကန့်ဒေသရှိ ရေမဆေးလုပ်သားများနှင့် ဒေသခံအလုပ်သမားများ အန္တရာယ်ကင်းပြီး လုံခြုံစွာအလုပ်အကိုင်များ ရရှိရေး ပူးပေါင်းဆောင်ရွက်ရန် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများကြောင့် ဆုံးရှုံးခဲ့ရသော မြေဆီလွှာများနေရာတွင် မြေဆီလွှာကောင်းတစ်ခု ပြန်လည်ရရှိရန်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပါကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ရေရှည်အကျိုးရှိရှိ သုံးစွဲကြစေလိုကြောင်း၊ နောင်မျိုးဆက်များအတွက် ယခုအချိန်ကပင် ပိုမိုကောင်းမွန်သော အစီအစဉ်များကို ဆောင်ရွက်ကြရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး အကြံပြုကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းလုပ်သားများ၊ IDP စခန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများကို ကျေးဇူးတင်ပါကြောင်း၊ ပြည်နယ်အဆင့် ကျောက်မျက်ရတနာ ရောင်းချခြင်းကို နှစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ရှာဖွေပေးနိုင်ခဲ့ပါကြောင်း၊ ဖားကန့်ဒေသတွင် ယနေ့ ကြုံတွေ့နေရသည့်အခက်အခဲများကို ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ကျောက်မျက်အသင်းချုပ်မှ တာဝန်ရှိသူများက ၂၀၁၈ ခုနှစ်အတွင်း ကျောက်စိမ်းပြပွဲ ကျင်းပနိုင်ခဲ့မှုနှင့် ကျောက်မျက်အရိုင်း၊ ကျောက်မျက်အချောထည်များ အရောင်းပြပွဲကျင်းပနိုင်ခဲ့မှု အခြေအနေများ၊ ကျောက်စိမ်းလုပ်ကွက်များ နေရာချထားပေးမှုနှင့် ရေမဆေးကျောက်ရှာဖွေသူများပြန်လည်နေရာချထားပေးနိုင်မည့် အခြေအနေ၊ ဥရုချောင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်မျက်အသင်းချုပ်တွင် သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့မှု အခြေအနေ၊ လက်လုပ်လက်စားများကို ဥပဒေနှင့်အညီ လုပ်ကွက်များ သတ်မှတ်ချထားပေးမည့် အခြေအနေများနှင့် ကျောက်မျက်အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံတွင် လူကုန်ကူးမှုတားဆီးရေး ဟောပြော

**ဂန့်ဂေါ ဇွန် ၂၄**

ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနွဲ့စံက အမှာစကားပြောကြား၍ ခရိုင်ဥပဒေအရာရှိ ဦးကျော်ကျော်လင်းက လူကုန်ကူးမှုဆိုင်ရာဥပဒေ၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးကျော်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို ရှင်းလင်းဟောပြောကြသည်။

ဟောပြောပွဲသို့ ဆရာ ဆရာမ ၁၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။ **၃၈၈**

# အီရန်အရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆော်ဒီဘုရင်တို့ တွေ့ဆုံ

**ဂျေဒ(ဆော်ဒီအာရေဗျ) ဇွန် ၂၄**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံအကြား တင်းမာမှု အရှိန်မြင့်မားနေစဉ် ဇွန် ၂၄ ရက်က ဆော်ဒီအာရေဗျဘုရင်နှင့် တွေ့ဆုံခဲ့သည်။

ပွန်ပီယိုသည် အမေရိကန်မောင်းသူမဲ့ဒရုန်းလေယာဉ် တစ်စင်း ပစ်ချခံခဲ့ရပြီးနောက် ယခုကဲ့သို့ တစ်ရက်တာ ခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ဂျေဒမြို့ရှိ ဘုရင့်နန်းတော်တွင် ဆော်ဒီဘုရင်ဆယ်လ်မန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုက်ပွန်ပီယိုသည် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ ခရီးမဆက်မီ သြဇာကြီးမားလှသော ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ကိုလည်း တွေ့ဆုံရန် စီစဉ်ထားသည်။

ဆော်ဒီအာရေဗျခေါင်းဆောင်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုခေါင်းဆောင်တို့သည် ဒေသဆိုင်ရာပြိုင်ဘက်ဖြစ်သည့် အီရန်နိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ ကြမ်းတမ်းသော ချဉ်းကပ်မှုကို ထောက်ခံအားပေးခဲ့ကြသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က အမေရိကန် ဂလိုဘယ်ဟော့ခ် ဒရုန်းတစ်စင်းကို အီရန်က ပစ်ချလိုက်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ကို စစ်တိုက်ရန် ပြင်ဆင်ပြီးမှ နောက်ပြန်ဆုတ်ခဲ့သည်ဟု သတင်းများထွက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ပင်လယ်ကွေ့နိုင်ငံတစ်လျှောက်လုံး၊ အာရှနှင့် ဥရောပနိုင်ငံများတွင် ညွန့်ပေါင်းအဖွဲ့ဖွဲ့စည်းရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသည် အမေရိကန်၏ ကြီးမားသော မဟာမိတ်နိုင်ငံများဖြစ်ကြောင်း မိုက်ပွန်ပီယိုက ဝါရှင်တန်မြို့မှ မထွက်ခွာမီ သတင်းထောက်များကို ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



## အီရန်နိုင်ငံအား အမေရိကန်၏ ဆိုက်ဘာတိုက်ခိုက်မှု အောင်မြင်မှုမရှိဟုဆို

**တီဟီရန် ဇွန် ၂၄**
အီရန် သတင်းနှင့်နည်းပညာဆက်သွယ်ရေးဝန်ကြီးက အမေရိကန်၏ အီရန်နိုင်ငံအား ပစ်မှတ်ထားပြုလုပ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုများသည် အောင်မြင်မှုမရှိခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့က အီရန်နိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုဆိုင်ရာ နည်းစနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု ဇွန် ၂၃ ရက်ထုတ် ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

သို့သော် အီရန်နိုင်ငံအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများကို အချိန်ကာလအတော်ကြာ ရင်ဆိုင်ခဲ့ရကြောင်းနှင့် လွန်ခဲ့သောနှစ်များအတွင်းက ဆိုက်ဘာတိုက်ခိုက်မှုအကြိမ်ပေါင်း ၃၃ သန်းခန့်ကို အီရန်အမျိုးသား ကွန်ပျူတာကျွမ်းကျင်ပညာရှင်အဖွဲ့က ကာကွယ်ပေးနိုင်ခဲ့ကြောင်း အီရန် သတင်းနှင့်နည်းပညာဆက်သွယ်ရေးဝန်ကြီး မိုဟာမက် ဂျာဗက် အာဇာရီ ဂျန်ရိုမီက ဇွန် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အီရန် သတင်းနှင့်နည်းပညာဆက်သွယ်ရေးဝန်ကြီး မိုဟာမက် ဂျာဗက် အာဇာရီ ဂျန်ရိုမီက အဆိုပါဆိုက်ဘာတိုက်ခိုက်မှုကျူးလွန်ခဲ့သည့် နိုင်ငံများကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ သို့သော် ယင်းသို့ပြောကြားချက်သည် အမေရိကန်၏ဆိုက်ဘာတိုက်ခိုက်မှုဆောင်ရွက်ခဲ့ခြင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်။

## အဆောက်အအုံပြိုကျပြီး လူ ၂၈ ဦး သေဆုံးခဲ့မှုကြောင့် ကမ္ဘောဒီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှ နုတ်ထွက်

**ဖနောင်ပင် ဇွန် ၂၄**
လူ ၂၈ ဦးသေဆုံးခဲ့ရသည့် တည်ဆောက်ဆဲ ခုနစ်ထပ်အဆောက်အအုံ ပြိုကျခဲ့မှုအတွက် ပီရီယက်သီယာနပြည်နယ်အုပ်ချုပ်ရေးမှူး ယွန်မင်းသည် ရာထူးမှ နုတ်ထွက်မည်ဟု သဘောတူညီခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

တည်ဆောက်မှု အပြီးမသတ်သေးသည့် ယင်းအဆောက်အအုံသည် ဇွန် ၂၂ ရက်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ယင်းအဆောက်အအုံပြိုကျသည့် ပြည်နယ်သို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်သွားရောက်စဉ်တွင် အထက်ပါအကြောင်းအရာကို ဝန်ကြီးချုပ်၏ တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာ၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ယွန်မင်းက ၎င်း၏ နုတ်ထွက်လွှာကို မိမိထံတင်သွင်းခဲ့ပြီး မိမိကလက်ခံခဲ့ကြောင်း၊ ကွမ်ပေါင်ချန်ပြည်နယ် အုပ်ချုပ်ရေးမှူးကို ယင်းပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် အစားထိုးခန့်ထားသည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားသည်။

သို့သော်ငြားလည်း ယင်းပြည်နယ်၏ အုပ်ချုပ်ရေးမှူးဟောင်း ယွန်မင်းသည် ပြိုကျပျက်စီးသည့် အဆောက်အအုံအတွင်းမှ ကျန်ရှိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းအတွက် ယင်းလုပ်ငန်းပြီးဆုံးချိန်အထိ တာဝန်ရှိနေသည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်သည် နိုင်ငံ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နီဟယ်ဗီဒါအား ယင်းအဆောက်အအုံပြိုကျမှုနှင့် လိမ်လည်ပြောကြားခြင်းများအတွက် ရာထူးမှ ထုတ်ပယ်ခဲ့ပြီး အထက်တန်းဝန်ကြီး ကွန်ကင်မ်အား ကမ္ဘောဒီးယားနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## ဆော်ဒီအာရေဗျရှိ အသ်ဟာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယီမင်ဟူသီသူပုန်များ ထပ်မံတိုက်ခိုက်

**ရီယာ့ဒ် ဇွန် ၂၄**
အိမ်နီးချင်းဆော်ဒီအာရေဗျနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုကို ယီမင် ဟူသီသူပုန်များက ထပ်မံတိုက်ခိုက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်းရှိ အသ်ဟာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဇွန် ၂၃ ရက်ညနေပိုင်းတွင် ဟူသီသူပုန်များက တိုက်ခိုက်ခဲ့ကြောင်း၊ လူတစ်ဦးသေဆုံးပြီး အခြားလူ ခုနစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယီမင်ပြည်တွင်းစစ်တွင် ဆော်ဒီအာရေဗျနိုင်ငံက စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကို တုံ့ပြန်သည့်အနေဖြင့် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့က ဒေသတွင်း သတင်းဌာနသို့ ပြောကြားသည်။

ဟူသီသူပုန်များသည် ဆော်ဒီအာရေဗျနိုင်ငံအတွင်းရှိ အဓိကကျသော အခြေခံအဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ထပ်တလဲလဲပြုလုပ်ခဲ့သည်။

ဇွန် ၁၂ ရက်ကလည်း ဟူသီသူပုန်များက အသ်ဟာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တိုက်ခိုက်ခဲ့ရာ လူ ၂၆ ဦး ဒဏ်ရာရခဲ့သည်။

အဆိုပါလေဆိပ် တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ဟူသီသူပုန်များအပေါ် ပြင်းထန်သည့် လက်တုံ့ပြန်တိုက်ခိုက်မှုများကို ဆော်ဒီအာရေဗျနိုင်ငံက ပြုလုပ်မည်ဟု မျှော်လင့်ရသည်။

ဆော်ဒီအာရေဗျနှင့် ဟူသီသူပုန်တို့၏ မဟာမိတ် အီရန်တို့အကြား တင်းမာမှုများဖြစ်ပေါ်နေခြင်းနှင့် အမေရိကန်နှင့် အီရန်တို့အကြား စစ်ရေးအရ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း ဟူသီသူပုန်များက ရုတ်တရက် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



# ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်၌ တိုယိုတာကားအရောင်းပြခန်း ဖွင့်လှစ်မည်

**ဗန်ကောက် ဇွန် ၂၄**
တိုယိုတာမော်တော်ကားကော်ပိုရေးရှင်း၏ အရောင်းကုမ္ပဏီတစ်ခုဖြစ်သည့် Nezas Holdings Ltd က လာမည့်နှစ်အစောပိုင်းတွင် ရန်ကုန်မြို့တော်၌ အရောင်းပြခန်းတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုယိုတာနှင့် ဆက်စပ်သော ကားအရောင်းကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံသို့ ပထမဆုံး ဈေးကွက်ထိုးဖောက်မှုဖြစ်လာမည်ဖြစ်သည်။

လက်ရှိတွင် မရမ်းကုန်းမြို့နယ်၌ မော်တော်ကားအရောင်းပြခန်းတစ်ခု တည်ဆောက်နေကြောင်း Nezas Holdings Ltd မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ Nezas Holdings Ltd နှင့် ဒေသခံ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် Hinthar Group Holdings Co., တို့က ထိုအရောင်းပြခန်း လုပ်ကိုင်ရန် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သော Hinthar Nezas Co. ကို တည်ထောင်ခဲ့သည်။ အရောင်းပြခန်းတွင် အင်ဒိုနီးရှား၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းလာသော မော်ဒယ်မြင့်ကားများ ရောင်းချကာ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖက်စပ်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ သန်း အရင်းအနှီးမတည်ထားပြီး Hinthar Group Holdings Co., က ၆၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး တိုကျိုမြို့တော်မြောက်ပိုင်း တိုချီဂီစီရင်စု အတ်ဆူနိုမီယာအခြေစိုက် Nezas Holdings Ltd က ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

**ထုတ်လုပ်မှုစတင်**

တိုယိုတာကုမ္ပဏီသည် လက်ရှိအချိန်တွင် တရားဝင် အရောင်းကုမ္ပဏီနှစ်ခုမှတစ်ဆင့် မြန်မာနိုင်ငံ၌ မော်တော်ကားများ ရောင်းချနေပြီး အရောင်းကုမ္ပဏီတစ်ခုကို Mitsui & Co က တည်ထောင်ခဲ့ပြီး နောက်တစ်ခုကို Toyota Tsusho Corp က တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ကားအရောင်းဈေးကွက်တွင် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုစတင်ခဲ့သည့် ဂျပန်နိုင်ငံမှ ဆူဇူကီး မော်တော်ကား ကော်ပိုရေးရှင်းက ဈေးကွက်ဝေစု ၆၀ ရာခိုင်နှုန်းနီးပါး ရရှိထားသည်။ ၂၀၁၈ ခုနှစ်အတွင်း ကားအစီးရေ ၁၀၃၃၀ ရောင်းချခဲ့ရသည်။ ဒုတိယနေရာရှိ တိုယိုတာကုမ္ပဏီသည် ယမန်နှစ်က ကားအစီးရေ ၃၀၁၇ စီး ရောင်းချခဲ့ရကြောင်း မြန်မာနိုင်ငံမော်တော်ကားအသင်း (AAM) ၏ ဖော်ပြချက်အရ သိရသည်။

တိုယိုတာကုမ္ပဏီက ရန်ကုန်မြို့တော်အနီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း တစ်နှစ်လျှင် မော်တော်ကား အစီးရေ ၂၅၀၀ ခန့် ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ခုတည်ဆောက်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ ဟိုင်းလပ်ပစ်ကပ်ကားများ ထုတ်လုပ်မှု စတင်မည်ဖြစ်သည်။

**ကိုးကား-ကျိုဒို**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# အာဖရိက ဝက်အပြင်းဖျားရောဂါ တရုတ်နိုင်ငံတွင် ထိန်းချုပ်နိုင်ပြီဟု ဆို

**ပေကျင်း ဇွန် ၂၄**
ဝက်သားအစားထိုး ကြက်သား၊ ဘဲသားစသည့် အခြားရွေးချယ်စရာ အသားများ ထောက်ပံ့ဖြည့်ဆည်းမှု တိုးတက်လာနေစဉ်အတွင်း တရုတ်နိုင်ငံတွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ပြီဟု တရုတ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက တနင်္လာနေ့က ပြောသည်။ တရုတ်နိုင်ငံတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု စုစုပေါင်း ၁၃၇ ခု ရှိခဲ့သည့်အနက် ၃၈ ခုမှာ ယခုနှစ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါဖြစ်ပွားမှုနှုန်းသည် လစဉ် သိသိသာသာ ကျဆင်းနေသည်ဟု အဆိုပါ ဝန်ကြီးဌာနက ပြောသည်။

လတ်တလောကာလတွင် ပြည်နယ်အဆင့် ဒေသကြီး ၂၆ ခုသည် ရောဂါဖြစ်ပွားရာဒေသများတွင် ပိတ်ပင်တားမြစ်မှုကို ဖယ်ရှားပေးခဲ့ပြီး ဝက်အရှင်များ သယ်ယူပို့ဆောင်မှုကို တဖြည်းဖြည်း ခွင့်ပြုပေးလျက်ရှိသည်။ ကြက်၊ ဘဲနှင့် အခြားဝက်သားအစားထိုး အသားထုတ်လုပ်မှု တိုးတက်နေပြီး ပထမ ငါးလအတွင်း ယခင်နှစ်ထက် ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ယင်းဝန်ကြီးဌာနက ဆိုသည်။

နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းသည် ပြန်လည်ရှင်သန်တိုးတက်လျက်ရှိပြီး အလားတူကာလအတွင်း နို့ထုတ်လုပ်မှုသည် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း စုစုပေါင်း ရေထွက်ပစ္စည်းထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၂၁ ဒသမ ၄၅ သန်းရှိပြီး ယခင်နှစ်အလားတူကာလ ထုတ်လုပ်မှုပမာဏနှင့် သိသိသာသာ ထူးခြားပြောင်းလဲမှုမရှိဟု ယင်းဝန်ကြီးဌာနက ပြောသည်။

တရုတ်နိုင်ငံတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အရှေ့မြောက်ရှိ လျောင်နင်းပြည်နယ်တွင် စတင်တွေ့ရှိခဲ့ပြီး နောက်ပိုင်းတွင် အခြားပြည်နယ်ဒေသများသို့ ပျံ့နှံ့ခဲ့သည်ဟု သိရသည်။

**ကိုးကား--ဆင်ဟွာ**
**ဘာသာပြန်-ခိုင်သော်**

# တေးပလ္လင်မှ အဆွေးသခင် ဂန္ထဝင်အဆိုတော်ကြီး ဦးတင်လှိုင် ကွယ်လွန်



**ရန်ကုန် ဇွန် ၂၄**
တေးပလ္လင်မှ အဆွေးသခင်သီချင်း၏ ဂန္ထဝင်အဆိုတော်ကြီး ဦးတင်လှိုင်သည် အသက် (၈၃)နှစ် အရွယ် ၂၀၁၉ ခုနှစ် ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့စမ်းချောင်းမြို့နယ်ရှိ ဆာကူရာဆေးရုံ၌ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဂန္ထဝင်အဆိုတော်ကြီး ဦးတင်လှိုင်အား အဖ ဦးဟုတ်လှိုင်နှင့် အမိ ဒေါ်ငြိမ်းတို့က မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ် နယုန်လဆန်း ၇ ရက်တွင် ရေနံချောင်းမြို့ အိုးဘိုရပ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။

ငယ်စဉ်က ရေနံချောင်းရှိ အစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး အားကစားဘက်တွင် ထူးချွန်ခဲ့သူဖြစ်သည်။

**ဂီတလောကသို့ စတင်ဝင်ရောက်**

ထိုသို့ အားကစားပြုလုပ်နေရင်းဖြင့် ဂီတဘက်သို့ ခြေဦးလှည့်လာပြီး ၁၉၅၇ ခုနှစ်တွင် နွဲ့နှောင်းထံတျာ တေးဂီတအဖွဲ့ (စည်သူဒေါ်တင်တင်မြ၏အစ်ကို ကိုပါကြီးတီးဝိုင်း) ဖြင့် ကိုပါကြီးရေးစပ်ခဲ့သော "ကွာခြားခဲ့လေပြီ" သီချင်းကို စတင်သီဆိုပြီး ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့သည်။

ထို့နောက် ပရိသတ်များ၏ အားပေးနှစ်ခြိုက်မှုကိုရရှိခဲ့သည့် "ဘကြီးအောင်ညာတယ်" သီချင်းကို သီဆိုခဲ့သလို ရောင်းတမ်းဓာတ်ပြားအဖြစ် "တစ်ယောက်တစ်ကမ္ဘာ" ကိုလည်း ထုတ်လုပ်ခဲ့သည်။

**စီးရီးပေါင်းများစွာ ကိုယ်တိုင်ထုတ်လုပ်**

ထို့နောက်ပိုင်းတွင် ချစ်သံသယစိတ် ဝင်မိတယ်၊ ရင်နှစ်ပန်း၊ မမုန်းသာ ချစ်ပါလေဦး၊ ချစ်သူကိုယ့်ထံ မရောက်ပါလားကွယ်၊ စိန်ပန်းပြာနဲ့ ဝေးသူရေ၊ ချစ်သူတိုင်းလည်း ညားကြပါစေ၊ ယောကျ်ားမှာလည်း အသည်းနဲ့ပါ၊ အမုန်းခွန်အား ပေးသနားပါ၊ သံသရာဆုတောင်း၊ ပန်းနဲ့ပေါက်တာလည်း နာကျင်တယ်၊ မပြောတော့ဘူး၊ တေးပလ္လင်မှ အဆွေးသခင် စသည့် သီချင်းပေါင်းများစွာကို သီဆိုအောင်မြင်ခဲ့သလို အလွမ်းသီချင်း စီးရီးပေါင်းများစွာကိုလည်း ကိုယ်တိုင်ထုတ်လုပ်ခဲ့သည်။

၁၉၆၈ ခုနှစ်မှစတင်၍ အပေါင်းလက္ခဏာ တေးဂီတအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကျော်ကြားသော အနုပညာရှင်များစွာတို့ကို အဆိုပါတေးဂီတအဖွဲ့မှ မွေးထုတ်ပေးနိုင်ခဲ့သည်။

ရန်ကုန်မြို့အလုံမြို့နယ် သိပ္ပံလမ်းရှိနေအိမ်တွင် ဇနီးနှင့်အတူ နေထိုင်ခဲ့ပြီး ကွယ်လွန်ချိန်၌ ဇနီးဖြစ်သူ၊ သမီးနှင့် မြေးနှစ်ဦးတို့ ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

**❖ မြန်မာလူငယ်ကစားသမားများမှ**

ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပင်နယ်တီ ငါးလုံးစီ ကန်သွင်းအပြီးတွင် သရေကျနေ၍ တစ်လုံးစီ ထပ်ကန်ရာ မြန်မာကစားသမား ပြည့်ဖြိုးအောင် ကန်သွင်းသည့်ဂိုးဝင်ပြီး ပြိုင်ဘက်၏ ကန်သွင်းမှုကို မြန်မာဂိုးသမား နေလင်းထက် ကာကွယ်နိုင်ခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။

Asian Eleven အသင်းကို အရှေ့တောင်အာရှနိုင်ငံများမှ နည်းပြတစ်ဦး၊ ကစားသမားနှစ်ဦးစီဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်း- ဖိုးသော်ဇင်**
**ဓာတ်ပုံ- MFF**

# ကမ္ဘောဒီးယားအဆောက်အအုံ အကျိုးအပဲ့များအောက်မှ လူနှစ်ဦး အသက်ရှင်လျက် ကယ်ထုတ်

**သီဟာနုဗီလ်(ကမ္ဘောဒီးယား) ဇွန် ၂၄**
ကမ္ဘောဒီးယား ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် နိုင်ငံ၏ ကမ်းခြေအပန်းဖြေစခန်းမြို့တစ်မြို့ဖြစ်သည့် သီဟာနုဗီလ်မြို့တွင် ဇွန် ၂၂ ရက်က ပြိုကျခဲ့သော အဆောက်အအုံ အကျိုးအပဲ့များအောက်မှ အမျိုးသားနှစ်ဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသော အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်သားများသည် အဆောက်အအုံပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် နှစ်ရက်ကြာပြီးမှ အဆိုပါလူနှစ်ဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အလောင်းသုံးလောင်းကိုလည်း ရှာဖွေရေးလုပ်သားများက အဆောက်အအုံ အကျိုးအပဲ့များကြားမှ ထပ်မံဆွဲထုတ်နိုင်ခဲ့ရာ အဆောက်အအုံပြိုကျမှုကြောင့် ယနေ့အထိ သေဆုံးသူဦးရေ ၂၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်သည် ဇွန် ၂၄ ရက် မိုးမလင်းမီ အဆိုပါအဆောက်အအုံ ပြိုကျရာနေရာသို့ သွားရောက်ခဲ့ပြီး မြို့တွင်းရှိ အဆောက်အအုံနေရာအားလုံးကို စစ်ဆေးမှုများပြုလုပ်ရန် တာဝန်ရှိသူများကို မှာကြားထားသည်။

တစ်ချိန်တည်းမှာပင် အဆောက်အအုံ ပြိုကျမှုနှင့်ပတ်သက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဇွန် ၂၄ ရက်က ရာထူးမှ နုတ်ထွက်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ယွန်မင်းသည် အုပ်ချုပ်မှုဆိုင်ရာ မှားယွင်းမှုတစ်ခု လုပ်ဆောင်မိသည်ဟု လက်သင့်ခံခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆင်၏ လူမှုမီဒီယာ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် ကမ္ဘောဒီးယား အာဏာပိုင်များသည် အဆောက်အအုံပြိုကျမှုနှင့် စပ်လျဉ်း၍ စစ်ကြောမေးမြန်းမှုများ ပြုလုပ်ရန် တရုတ်နိုင်ငံသား သုံးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား မြေပိုင်ရှင်ကို ဖမ်းဆီးထိန်းသိမ်းထားသည်။

တရုတ်အစိုးရနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများသည် ၂၀၁၆-၂၀၁၈ ခုနှစ်အကြားတွင် ကမ္ဘောဒီးယားနိုင်ငံ ပရီယာသီဟာနုပြည်နယ်၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီး လက်ရှိတွင် သီဟာနုမြို့ထဲ၌ တရုတ်ပိုင် ဟိုတယ်အများအပြားရှိကြောင်း သိရသည်။




**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ကျည်မျိုးစုံနှင့်အတူ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားအား စစ်ဆေးရာမှ ကျပ် ၆၅၄ သိန်းကျော်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ကွင်းဆက်ဖြင့် ဖော်ထုတ်ဖမ်းဆီးရမိ



**တာချီလိတ် ဇွန် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်နှင့် တာလေမြို့ မိုင်းလင်းကျေးရွာရှိ သတ္တုတူးဖော်ရေးကုမ္ပဏီဝင်းအတွင်း၌ ငွေကျပ် ၆၅၄ သိန်းကျော်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်မျိုးစုံ ၁၅၄၄ တောင့်၊ မော်တော်ယာဉ် ခြောက်စီး၊ ဆိုင်ကယ် သုံးစီးတို့နှင့်အတူ ဖမ်းဆီးရမိသူများကို ဇွန် ၂၃ ရက် ညပိုင်းက ကွင်းဆက်ဖြင့် ဖမ်းဆီးရမိသည်။

ရှမ်းပြည်နယ်အတွင်း တရားမဝင်ပစ္စည်းများ၊ လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းများမရှိစေရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် ရှမ်းရိုးမ-၂ စစ်ဆင်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ဇွန် ၂၂ ရက် ညနေပိုင်းတွင် တာလေ-မိုင်းလင်းမှ တာချီလိတ်သို့ ထိုင်းနိုင်ငံသား အနုချိုင်းကာတဲ မောင်းနှင်လာသည့် Super Benelli-300အမျိုးအစား ဆိုင်ကယ်(လိုင်စင်မဲ့)အား ရပ်တန့်စစ်ဆေးရာ ၎င်းထံမှ ကျည်မျိုးစုံ ၆၉၇ တောင့်၊ ၉ မမကျည်အိမ် နှစ်ခု၊ အန့်ဆေးရည်ပုလင်း ၁၂ ပုလင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးမေးမြန်းချက်အရ တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ ပီနိုင်(ခ)ညီညီနိုင်၏ နေအိမ်အား ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံသွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ပီနိုင်(ခ) ညီညီနိုင်အား နေအိမ်တွင် မတွေ့ရဘဲ အိမ်စောင့်ဖြစ်သူ စိုင်းဆိုင်မိုင်း(ခ)ကိုဇော်နှင့် စိုင်းဝမ်းတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ပစ္စတိုသေနတ်မျိုးစုံ ရှစ်လက်၊ ၉ မမ CAI အမျိုးအစား သေနတ်တစ်လက်၊ အမ်-၂၂ သေနတ်(မှန်ပြောင်းပါ)တစ်လက်၊ အိပ်ချ်ကေ-၃၃ သေနတ်တစ်လက်၊ တစ်လုံးထိုးသေနတ် အတိုတစ်လက်၊ ပွိုင့် ၂၂ သေနတ်(မှန်ပြောင်းပါ)နှစ်လက်၊ လက်ဖြောင့်သေနတ်တစ်လက် စုစုပေါင်းလက်နက်မျိုးစုံ ၁၅ လက်၊ ကျည်မျိုးစုံ ၁၄၀၆ တောင့်၊ ကျည်အိမ်မျိုးစုံ ၃၄ ခုနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ ဘိန်းဖြူ ၆၆၀ ဂရမ်ခန့်၊ အိုက်စ် ၂၇၃ ဂရမ်ခန့်၊ ကဖင်း ၄၇၃ ကီလိုဂရမ် (စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅၄ သိန်းကျော်)၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး၊ ဆိုင်ကယ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ စိုင်းဆိုင်မိုင်း(ခ)ကိုဇော်နှင့် စိုင်းဝမ်းတို့၏ ထွက်ဆိုချက်အရ တာလေမြို့နယ် မိုင်းလင်း(ရှေ့) အုပ်စု မိုင်းလင်းကျေးရွာရှိ ပီနိုင်(ခ)ညီညီနိုင်၏ နိုင်ရတနာရွှေတြိဂံအမည်ရှိ သတ္တုတူးဖော်ရေးကုမ္ပဏီဝင်းအတွင်းရှိ ဂိုဒေါင်အား ဆက်လက်စစ်ဆေးရာ အာရ်ပီဂျီတစ်လက်၊ အမ်-၂၂ သေနတ်(မှန်ပြောင်းပါ) တစ်လက်၊ ကျည်မျိုးစုံတောင့် ၁၃၀၊ ကျည်အိမ်နှစ်ခု၊ ဆေးပြားရိုက်စက်တစ်လုံး၊ ဆေးပြားရိုက်ရာတွင် အသုံးပြုသောမို ၂၈ ချောင်း၊ ဆေးပြားအခြောက်ခံပန်း သုံးခု၊ ဘက်ဟိုးယာဉ်တစ်စီး၊ မော်တော်ယာဉ်သုံးစီးနှင့် ဆိုင်ကယ် တစ်စီးတို့အားလည်းကောင်း၊ မီးခံသေတ္တာအတွင်းမှ ပွိုင့် ၄၅ သေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ရှစ်တောင့်၊ ရွှေထည်မျိုးစုံ ၁၃ မျိုး၊ (စုစုပေါင်း အလေးချိန် ၈၇၅ ဂရမ်ခန့်)၊ ရွှေရည်စိမ်(အတု)မျိုးစုံ ၁၈ မျိုး၊ ငွေထည်ပစ္စည်းမျိုးစုံ ၁၁ မျိုး၊ ပတ္တမြားဟု ယူဆရသော အနီရောင် ကျောက်ရိုင်းမျိုးစုံ ခြောက်ထုပ် (စုစုပေါင်း အလေးချိန် ၁၂ ဒသမ ၃၉၃၅ ကီလို)၊ ကျောက်စိမ်းပြား တစ်ချပ် (အလေးချိန် ၂၇၈ ဂရမ်ခန့်)၊ ရောင်စုံကျောက်မျိုးစုံ ၁၂ မျိုး (စုစုပေါင်းအပွင့် ၃၀၀)၊ ဖုန်း/ဂျီပီအက်စ်/အသံဖမ်းစက်/Tablet တစ်လုံးစီ၊ စကားပြောစက် သုံးလုံး၊ အိုက်ကွန်အထိုင်စက် နှစ်လုံးတို့အားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ပီနိုင်(ခ)ညီညီနိုင်၏ နေအိမ်ခြံဝင်းနှင့် ၎င်းပိုင် နိုင်ရတနာရွှေတြိဂံအမည်ရှိ သတ္တုတူးဖော်ရေးကုမ္ပဏီဝင်းအတွင်း နှစ်နေရာ၌ သိမ်းဆည်းရမိသည့် ငွေကျပ် ၆၅၄ သိန်းကျော်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်မျိုးစုံ ၁၅၄၄ တောင့်၊ မော်တော်ယာဉ် ခြောက်စီး၊ ဆိုင်ကယ် သုံးစီးတို့အား သိမ်းဆည်းရမိသည်။

အမှုမှ မူးယစ်ဆေးဝါး/လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် စိုင်းဆိုင်မိုင်း(ခ)ကိုဇော်၊ စိုင်းဝမ်းနှင့် ပီနိုင်(ခ)ညီညီနိုင် (ဖမ်းမမိသေး)တို့ သုံးဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ပီနိုင်(ခ) ညီညီနိုင်အား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တွံတေးမြို့နယ်အတွင်း လိမ်လည်ခေါ်ဆောင်ကာ လူသတ်မှုကျူးလွန်ခဲ့သူနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၄**

တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ တရားလို ဒေါ်----၏ ခင်ပွန်းဖြစ်သူ သိန်းဇော်ဦးသည် ဇွန် ၂၁ ရက် ညအချိန်တွင် သူငယ်ချင်းဖြစ်သူ မောင်မောင်(ခ)ဖားမျက်လုံး၊ နိုင်လင်းထွန်း၊ မောင်မောင်တို့နှင့်အတူ နေအိမ်၌ အရက်သောက်နေကြစဉ် စကားများခဲ့ဖူးသော တစ်ရွာတည်းနေ ရာအိမ်မှူး ဖိုးထောင်၊ အာကာ၊ ဖိုးနီ(၁)၊ စတီးနှင့် ဖိုးနီ(၂)တို့ ငါးဦးမှာ အိမ်ပေါ်သို့ရောက်ရှိလာပြီး ရဲစခန်းသို့သွားရောက်ရန် ခေါ်ဆိုခဲ့ကြောင်း၊ သိန်းဇော်ဦးပါ လေးဦးမှာ မလိုက်နိုင်ကြောင်းပြောဆိုသဖြင့် နေအိမ် မှန်ပြတင်းပေါက် နှစ်ခုအား အသင့်ပါလာသော ဓားဖြင့် ဝိုင်းခုတ်ခဲ့ကြကြောင်း၊ ထို့နောက် သိန်းဇော်ဦးပါ လေးဦးမှာ လိုက်သွားခဲ့ကြကြောင်း၊ တရားလို ဒေါ်----သည် ဇွန် ၂၂ ရက်တွင် ရဲစခန်းသို့လိုက်သွားခဲ့ရာ ၎င်း၏ခင်ပွန်းဖြစ်သူ သိန်းဇော်ဦးပါ လေးဦးမှာ ရဲစခန်းသို့လာရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရသဖြင့် ၎င်း၏ခင်ပွန်းပါ လေးဦးကို ခေါ်ဆောင်သွားသော ရာအိမ်မှူး ဖိုးထောင်ပါ ငါးဦးအား အရေးယူပေးပါရန် တွံတေးမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစု၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုနှင့် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အမှုမှ ပြစ်မှုကျူးလွန်သူ ဖိုးထောင်(ခ)ကျင်သောင်း (ရာအိမ်မှူး)ကို ဇွန်၂၂ ရက် ည ၉နာရီတွင် တံခွန်တိုင်ကျေးရွာ စက်လှေဆိပ်မှဖမ်းဆီးရမိပြီး ဇော်မင်းထွေး(ခ)ပါစတီးမှာ ဇွန်၂၃ ရက် ညနေပိုင်းတွင် သက်သေခံဓားနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ဖိုးထောင်(ခ)ကျင်သောင်းနှင့် ဇော်မင်းထွေး(ခ)ပါစတီး တို့၏ ထွက်ဆိုချက်အရ ဇွန် ၂၁ ရက် ည ၁၀ နာရီခန့်တွင် ဖိုးထောင်(ခ)ကျင်သောင်း၊ ဇော်မင်းထွေး(ခ)ပါစတီး၊ အာကာ၊ စန်းဦး၊ ဖိုးနီ(၁)၊ ဇော်လှမျိုး၊ ဖိုးနီ(၂)၊ အောင်ထွဋ်နှင့် ခွာကြီးတို့ ညီအစ်ကိုဝမ်းကွဲများစုပြီး သိန်းဇော်ဦး၏ နေအိမ်ပေါ်သို့ တက်ရောက်ကာ နေအိမ်မှန်ပြတင်းတံခါးများအား ဓားဖြင့် ဝိုင်းခုတ်ပြီး သိန်းဇော်ဦးပါ လေးဦးကို ရဲစခန်းသို့ ပို့အပ်ရန် ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူး၏ နေအိမ်၌ နိုင်လင်းထွန်းနှင့် သိန်းဇော်ဦးတို့အား တစ်တွဲ၊ မောင်မောင်(၁)နှင့် ဖားမျက်လုံး(ခ)မောင်မောင်(၂)တို့အား တစ်တွဲ ကြိုးနှင့်တုပ်၍ ဇော်လှမျိုးပိုင် စက်လှေဖြင့် ခေါ်ဆောင်လာစဉ် တွံတေးတူးမြောင်းအတွင်း၌ သိန်းဇော်ဦး၊ နိုင်လင်းထွန်းနှင့် မောင်မောင်(၁) တို့အား ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ပြီး တွံတေးတူးမြောင်းအတွင်း ပစ်ချထားခဲ့ကြောင်း၊ ဖားမျက်လုံး(ခ)မောင်မောင်(၂)ကို ထိုးကြိတ်ဆုံးမပြီး ပြန်လွှတ်ခဲ့ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်သည်။

အမှုမှသေဆုံးသူ မောင်မောင်(၁)၏ အလောင်းကို ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ သိန်းဇော်ဦးနှင့် နိုင်လင်းထွန်းတို့၏ အလောင်းကို ဇွန်၂၄ ရက်တွင်လည်းကောင်း တွံတေးတူးမြောင်းအတွင်းမှ တွေ့ရှိဆယ်ယူရရှိပြီး အခင်းဖြစ်စဉ် အသုံးပြုသည့် ဇော်လှမျိုးပိုင် စက်လှေအား သိမ်းဆည်းရမိပြီး အမှုအား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် ဇွန် ၂၄**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထားဝယ်-ရေးကားလမ်း ဇဟာကျေးရွာအနီး ထော်လာဂျီ နှစ်စီးပေါ်မှ တရားမဝင်ကန်းစို/ဖွတ်မတက်ခွဲသား ၃ ဒသမ ၆၆၈၀ တန်အား ပြစ်မှုကျူးလွန်သူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးသက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဧရာဝတီမြစ်ကမ်း အရှေ့ဘက် ကုန်းတန်းကြီးကျေးရွာ အနောက်ဘက်အနီးတွင် တရားမဝင် ကျွန်းသစ်/ခွဲသား (ဟောင်း) ၄ ဒသမ ၃၁၃၆ တန်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု လမြန်ကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် တရားမဝင် မအူ/တောဆီး/ တောမဲဇလီ/ လောက်ယားသစ် တန် ၁၂ ဒသမ ၃၈၂၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်လူမော်**

# မင်းကင်းမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**မင်းကင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ညောင်ကုန်းကျေးရွာအနီး ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ခရီးသည် ငါးဦးဒဏ်ရာရရှိကာ ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းကင်းမြို့မှ သဘော်ကျေးရွာသို့ သူရအောင်မောင်းနှင်လာသည့် ယာဉ်သည် ညောင်ကုန်းကျေးရွာလမ်းခွဲအနီးတွင် လမ်းချိုင့်ခွက်အား ဖြတ်မောင်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ညာဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင်ပါလာသော ခရီးသည် မမူမူမြင့်၊ မလဲ့လဲ့ခိုင်၊ မခိုင်ဇင်ဦး၊ ကိုဇင်မောင်သန်း၊ မောင်ဖွဲ့ပြည့်အောင်တို့မှာ ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ဖြင့် မင်းကင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေကြပြီး မင်းကင်းမြို့နယ် ကမ်းပြည့်ကျေးရွာနေ မဇွန်မိုးပွင့်သည် ဦးခေါင်းကွဲအက်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သူရအောင်မင်းကင်းမြို့အမှတ်(၂)ချောင်းဆုံရပ်နေအား မင်းကင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချင်းတွင်းသား**

# ငဖဲမြို့နယ်၌ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံး

**မကွေး ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာတွင် ဇွန် ၂၃ ရက် မွန်းလွဲ ၃ နာရီခန့်က ဦးမြင့်စိုး၏ (၂၄ × ၂၄)ပေ သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နေအိမ်နှင့် တွဲလျက်ရှိသည့် နွားတင်းကုပ်အမိုးပေါ်မှ ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းထားစဉ် ဝါယာကြိုးများရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် သုံးလုံး မီးလောင်ခဲ့ပြီး လူ၊တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ မီးဘေးသင့်ပြည်သူ ၁၂ ဦးမှာ ကျေးရွာရှိဆွေမျိုးများအိမ်တွင် နေထိုင်လျက်ရှိကြောင်းနှင့် မြင့်စိုးအား ငဖဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြန်မာနိုင်ငံ၏ ရာသီဥတုဘေးဒဏ်ကို လေ့လာခြင်း

**ဂျူး**

ပြီးခဲ့သည့်နှစ်ပတ် ဇွန်လ ၅ ရက်နေ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် ကျွန်မ ညောင်ရွှေမြို့သို့ ရောက်ခဲ့ပါသည်။ ညနေ ၅ နာရီတွင် သစ်ပင်စိုက်ပျိုးသည့်အခမ်းအနားရှိသဖြင့် ကျွန်မနှင့် ဆရာအော်ပီကျယ်တို့ တက်ရောက်ခဲ့ကြပါသည်။ စိုက်ပျိုးသောသစ်ပင်များမှာ လူတစ်ရပ်ထက်ပင် မြင့်သည့်အပင်များဖြစ်သည်။ ထိုအပင်များမှာ တည်သီးပင်များ ဖြစ်သည်ဟု သိရသည်။ မြန်မာမျိုးရင်းလား သို့မဟုတ် မန္တလေးမှာ စိုက်ပျိုးကြသည့်သတင်းထဲကလို အိမ်နီးချင်းနိုင်ငံက တင်သွင်းသော အပင်များလား ကျွန်မ မမေးမိခဲ့ပါ။ ယခုအချိန်မှာ မြန်မာမျိုးရင်းကို စိုက်ပျိုးဖို့ဆိုသည်ထက် ဘယ်ကအပင်ဖြစ်ဖြစ် ရှင်သန်မှာ သေချာသည့်အပင်ကို စိုက်ကြရသည့် အခြေအနေကို ကျွန်မ နားလည်ထားပါသည်။ ထိုအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စကားပြောသည့်အခါ ယခုအခါ လျစ်လျူရှု၍ မရနိုင်လောက်အောင် ထင်ရှားနေပြီဖြစ်သည့် ၂၀၁၆ ခုနှစ်စစ်တမ်းမှ တွေ့ရှိချက်တစ်ခုကို ထည့်ပြောသွားသည်။ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုနှင့်ဆက်နွယ်ပြီး အချိန်မတန်ဘဲ သေဆုံးရသည့် လူဦးရေ နှစ်သောင်း နှစ်ထောင် ရှိခဲ့သည်ဟူသည့် စကားဖြစ်ပါသည်။ ထိုနေ့က ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပြီး ယခုနှစ်၏ အဓိကဦးတည်ချက်မှာ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေး (Beat Air Pollution) ဖြစ်သောကြောင့်ပါ။

**အထင်ရှားဆုံးခံရ**

ကမ္ဘာ့ရာသီဥတု ဆိုးရွားမှုဆိုင်ရာညွှန်းကိန်း (Global Climate Risk Index) အရ ၁၉၉၅ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ပြင်းထန်သော ရာသီဥတုကြောင့် အထိခိုက်ဆုံးနိုင်ငံများကို စဉ်လိုက်သည့်အခါ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၈၃ နိုင်ငံတွင် ဒုတိယအဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဒဏ်၊ ၂၀၁၀ ပြည့်နှစ်တွင် လူအသေအပျောက်များလှသော အပူဒဏ်၊ ၂၀၁၅ ခုနှစ်တွင် မြစ်ရေလျှံခြင်းဘေးဒဏ် စသည်တို့သည် လက်တလောဖြစ်ပျက်သွားခဲ့သော ဘေးဒုက္ခများ ဖြစ်ပါသည်။ ကမ္ဘာ့၏တခြားသောနိုင်ငံများထက် မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲပြင်းထန်ဆိုးရွားမှုကို အထင်ရှားဆုံးခံနေရပြီး ထိုအခြေအနေမှ ပြန်လည်ရုန်းထွက်ရန်မှာ ရှိခဲ့ဖူးသော သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းမှုဖြစ်မည်ဟု ၂၀၁၇ ခုနှစ် မတ်လတွင် WWF အဖွဲ့က ထုတ်ပြန်ခဲ့သော အစီရင်ခံစာ (Technical Report) တွင် ရေးသားဖော်ပြထားသည်ကို ဖတ်ရပါသည်။

**ကျန်းမာရေး ထိခိုက်**

မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော အဆိုးဆုံးသဘာဝပတ်ဝန်းကျင်ပျက်စီးမှုက ဘာလဲဟု လွန်ခဲ့သောအနှစ် နှစ်ဆယ်က မေးခဲ့ချိန်တွင် သစ်တောပြုန်းတီးခြင်းဖြစ်လိမ့်မည်ဟု နိုင်ငံရပ်ခြားမှ ပညာရှင်တစ်ယောက်က ဖြေခဲ့ဖူးသည်။ ယခုအခါမှာတော့ မြန်မာနိုင်ငံတွင် လက်ရှိခံစားနေရသော သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများမှာ အလွန်များသည်။ အမျိုးမျိုးသော ဆိုးရွားမှုဒဏ်များကို မြန်မာနိုင်ငံသူ နိုင်ငံသားများ ကြုံတွေ့နေရသည်။ ပူပြင်းခြောက်သွေ့ကာ မိုးခေါင်ခြင်းနှင့်တစ်ပြိုင်တည်းမှာ ရေကြီးခြင်း၊ လေထုညစ်ညမ်းခြင်းနှင့် လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသည့်လူဦးရေပမာဏ များပြားလာခြင်း၊ ရေထုညစ်ညမ်းခြင်း၊ မသန့်သည့်ရေကြောင့် သေဆုံးသည့်လူဦးရေများပြားလာခြင်း၊ မြေဆီလွှာခန်းခြောက်ပျက်စီးခြင်း၊ ထိုအခြေအနေများကြောင့် စီးပွားရေး၊ ကျန်းမာရေးများ ထိခိုက်ကြရပါသည်။

အစီရင်ခံစာတွင်ဖော်ပြထားသော ကြိုတင်မှန်းဆချက်အရ ယခုရာစုအလယ်ပိုင်းတွင် မြန်မာနိုင်ငံမှာ အပူချိန် အလွန်မြင့်မားလာခြင်းကို ကြုံတွေ့ရလိမ့်မည်ဟူ၏။ ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း နှစ်စဉ်ပျမ်းမျှအပူချိန်တက်နှုန်းမှာ ဆယ်စုနှစ်တစ်ခုမှာ သုည ဒသမ ၂၅ ဒီဂရီစင်တီဂရိတ်နှင့် အမြင့်ဆုံးအပူချိန်တက်နှုန်းမှာ သုည ဒသမ ၄ ဒီဂရီစင်တီဂရိတ် ရှိသည်။ အပူချိန်တက်နှုန်းမှာ မြန်လာသည်ကိုတွေ့ရသည်။ ကမ်းခြေပိုင်းနှင့် ကုန်းတွင်းပိုင်း နှိုင်းယှဉ်ကြည့်လျှင် ကုန်းတွင်းပိုင်းမှာ အပူချိန်ပိုတက်မည်ဟု ဆိုပါသည်။ ထိုအစီရင်ခံစာတွင် အပူချိန်မြင့်တက်မှုသာမက မိုးရွာသွန်းချိန်နည်းပါးခြင်းအပြင် ပင်လယ်ရေမြင့်တက်မှုဒဏ်ကို မြန်မာနိုင်ငံမည်မျှအထိခံရမည်ဆိုသည်ကိုလည်း လေ့လာသုံးသပ်ထားသည်ကို ဖတ်ရသည်။

**“ဆိုင်ကလုန်းမုန်တိုင်းနာဂစ်အပြီး ရှေ့လာမည့်နှစ်များတွင် ဖြစ်ပေါ်လာဦးမည့် နောက်ထပ်ဆိုင်ကလုန်းမုန်တိုင်းများ မြန်မာပြည်သို့ ကျရောက်သည့်အခါ ဆိုးကျိုးဒဏ်သက်ရောက်မှု အတိမ်၊ အနက်သည် ရာသီဥတုပြောင်းလဲခြင်းတစ်ခုတည်းနှင့် သက်ဆိုင်သည်မဟုတ်။ လူဦးရေတိုးပွားလာမှု၊ ထိုလူဦးရေတို့၏ အကွယ်အကာမဲ့စွာ နေထိုင်ရမှု၊ စနစ်မကျသည့် မြေအသုံးချမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့်လည်း မုန်တိုင်း၏ဆိုးကျိုးများကို ခံရလိမ့်ဦးမည်ဖြစ်”**

**ဆိုးကျိုးကို ပိုပြီးခံစားရ**


ဆိုင်ကလုန်းမုန်တိုင်းနာဂစ်အပြီး ရှေ့လာမည့်နှစ်များတွင် ဖြစ်ပေါ်လာဦးမည့် နောက်ထပ်ဆိုင်ကလုန်းမုန်တိုင်းများ မြန်မာပြည်သို့ ကျရောက်သည့်အခါ ဆိုးကျိုးဒဏ်သက်ရောက်မှု အတိမ်၊အနက်သည် ရာသီဥတုပြောင်းလဲခြင်းတစ်ခုတည်းနှင့် သက်ဆိုင်သည်မဟုတ်။ လူဦးရေတိုးပွားလာမှု၊ ထိုလူဦးရေတို့၏ အကွယ်အကာမဲ့စွာ နေထိုင်ရမှု၊ စနစ်မကျသည့် မြေအသုံးချမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့်လည်း မုန်တိုင်း၏ဆိုးကျိုးများကို ခံရလိမ့်ဦးမည်ဖြစ်သည်။ အဓိကကတော့ အနိမ့်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ လူတို့သည် ဆိုင်ကလုန်းမုန်တိုင်း၏ ဆိုးကျိုးကို ပိုပြီးခံစားကြရမည်။

ထိုအစီရင်ခံစာကိုဖတ်နေရင်း တစ်နေ့က မုန်တိုင်းအကာအကွယ် အဆောက်အဦများအကြောင်းကို ရေဒီယိုမှာ ကြားလိုက်ရသည့်သတင်းကို သတိရမိပါသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် မြစ်ဝကျွန်းပေါ်နှင့်ရခိုင်ဒေသတို့တွင် မုန်တိုင်းကာကွယ်အဆောက်အဦ (Cyclone Shelter) ပေါင်း ၂၀၀ ကျော် တည်ဆောက်ပြီးပြီဟု သိရသည်။ ကျွန်မသိရသလောက်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မုန်တိုင်းကာကွယ်အဆောက်အဦပေါင်း ၄၀၀၀ ကျော်ရှိသည်။ မုန်တိုင်းကာကွယ် အဆောက်အဦတစ်ခုလျှင် လူ ၅၀၀ မှ ၂၅၀၀ အထိ ခိုလှုံနိုင်သည်ဟု သိရသည်။ ထို့ကြောင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းနှင့် မုန်တိုင်းဒီရေကြောင့် သေဆုံးရသည့်အရေအတွက်ကို သိသိသာသာ လျှော့ချနိုင်ခဲ့ခြင်း ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံမှာတော့ အစစအရာရာသည် အလျင်အမြန် အရေးတကြီး လိုအပ်နေဆဲဖြစ်သည်။ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အဦများ၊ ဆက်သွယ်ရေးစနစ်များ၊ သောက်သုံးရေစနစ်နှင့် စွန့်ပစ်ရေစနစ်စသည့် အခြေခံအဆောက်အဦ (Infrastructure) များကို ဆောင်ရွက်ရာ၌ ကဏ္ဍအသီးသီးရှိ မူဝါဒချမှတ်သူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးကို ထည့်တွက်ပြီး စီမံကိန်းများ ရေးဆွဲကြရမည်။ ဥပမာအားဖြင့် မသေချာမရေရာသည့် စီးဆင်းရေကို မျှော်ကိုးသည်ထက် ရေပညာရှင်များ၏ စီမံခန့်ခွဲမှုအတတ်ပညာနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်အဖြစ်မျိုးဟု ဆိုပါသည်။ မြေပေါ် မြေအောက်ရေတို့ကို ထိန်းသိမ်းမည့် ရေဝေတောတို့ကို ပြန်လည်ပြုစုပျိုးထောင်ရန် အလွန်အရေးကြီးပြီး အရေးပေါ် အခြေအနေသို့ ရောက်နေပြီမှာ သိသာထင်ရှားပါသည်။ အခြေခံအဆောက်အဦများစွာ၏ ကဏ္ဍများစွာသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ဖြစ်ရာ ကဏ္ဍတစ်ခု၏ ကျရှုံးမှုသည် အခြားကဏ္ဍတစ်ခုကို ဆိုးကျိုးသက်ရောက်ပြီး အထူးဆုံးရှုံးအောင် ဆွဲချနိုင်စွမ်းရှိသည်ကို သဘောပေါက်ထားရန် လိုပါသည်။

လာမည့် ဆယ်စုနှစ်များအတွက် အခြေခံအဆောက်အဦများစွာ စီမံကိန်းချမှတ်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံတွင် ရေကာတာနှင့် ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော စီမံကိန်းများကို ကြံစည်ခြင်း၊ တည်ဆောက်ခြင်း၊ ဆောင်ရွက်ခြင်းအမှုတို့၌ ရာသီဥတုပြောင်းလဲခြင်းအဖြစ်ကို ဦးစားပေးစဉ်းစားပြီး ထည့်တွက်ရမည်ဟု အစီရင်ခံစာတွင် ဖော်ပြပါရှိပါသည်။ ။



**၁၈၅၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာနိုင်ငံ၏ရာသီဥတုပြောင်းလဲခြင်း အနိမ့်ဆုံးအပူချိန်နှင့် အမြင့်ဆုံးအပူချိန်ပြဇယား။** (Source: Colored 'Warming Stripes by Ed Hawkins, UK University)

# ကုန်းဝါး(ခေါ်)မျှင်ဝါးဖြင့်ရက်လုပ်သည့် ခြင်းကြားတောင်း ရောင်းအားကောင်းလျက်ရှိ

**တောင်သာ ဇွန် ၂၄**

မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်တံတားကျေးရွာမှ လက်မှုလုပ်ငန်းဖြစ်သည့် ခြင်းကြားတောင်းလုပ်ငန်းသည် အောင်မြင်ကာ ရက်လုပ်သမျှ ရောင်းကုန်ကြောင်း တံတားအနောက်ကျေးရွာမှ ခြင်းကြားတောင်းလုပ်ငန်းလုပ်ကိုင်သည့် ဦးသောင်းကြည် ထံမှ သိရသည်။

ခြင်းကြားတောင်းရက်လုပ်ရာတွင် ယာစည်းရိုးနှင့် တောထဲတောင်ပေါ်တွင် ပေါက်ရောက်သည့် ကုန်းဝါး(ခေါ်) မျှင်ဝါးတစ်မျိုးတည်းဖြင့်သာ ရက်လုပ်ရပြီး ဝါးကြောအတိုင်းသာ ရက်လုပ်ရသည့်အတွက် အရည်အသွေးပိုကောင်းကြောင်း၊ ကုန်းဝါးဖြင့်ရက်လုပ်သည့် ခြင်းကြားတောင်းသည် အကြမ်းခံကြောင်းနှင့်



တောင်း အနားသတ်များကိုလည်း ဝါးဖြင့်သာ အနား သတ်ထားခြင်းကြောင့် ကြာရှည်ခံကာ ဈေးကွက် အခိုင်အမာရနေခြင်းဖြစ်ကြောင်း တောင်းရက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသည့် ဦးကျော်မင်းထံမှ သိရသည်။

“ကျွန်တော်တို့ရွာမှာ ခြင်းကြားတောင်းရက်တဲ့လုပ်ငန်း လုပ်ကိုင်ကြတဲ့ အိမ်ခြေ ၁၅ လုံးလောက်ရှိပါတယ်။ ခြင်းကြားတောင်းတွေကို တောင်းကြီးနဲ့ တောင်းသေးနှစ်မျိုးပဲ ရက်လုပ်ပါတယ်။ တောင်းကြီးကို ငွေကျပ် ၃၅၀၀၊ တောင်းသေးငွေကျပ် ၂၅၀၀နဲ့ ရောင်းပါတယ်။ ကုန်းဝါးကို နံနက် ထွက်ခုတ်ပြီး အစိုအတိုင်း ခွဲခြမ်းစိတ်ဖြာကာ မခြောက်ခင် ရက်လုပ်ရပါတယ်။ အများဆုံး ခြင်းကြားတောင်း လေးလုံးစာအထိ ရရှိပါတယ်။ ဝါးရှာရတာလည်း မလွယ်ပါဘူး။ တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နဲ့ ငါ့သရောက်မြို့ဘက်ခြမ်းတွေအထိ သွားရောက်ရှာရပါတယ်။ မရတဲ့ရက်တွေလည်းရှိပါတယ်။ နွေဦးပေါက်မှာ တောမီးရှို့တာတွေကြောင့် ဝါးရုံပင်တွေ တောမီးလောင်လို့ တဖြည်းဖြည်း ရှားပါးလာတာပါ”ဟု ဦးသောင်းကြည်က ပြောသည်။

အဆိုပါ ခြင်းကြားတောင်းများအား ကျောက်ပန်းတောင်း၊ တောင်သာ၊ ပခုက္ကူ၊ ငါ့သရောက်၊ ပုပ္ပားအရပ်များအထိ ရောင်းချရကြောင်းသိရပြီး တောင်သူတစ်ဖက်ဖြင့် ခြင်းကြားတောင်းလုပ်ငန်းပါ တွဲဖက်လုပ်ကိုင်ခြင်းကြောင့် မိသားစုစားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနေကြောင်း နှစ်ပေါင်း ၄၀ ခန့်ကတည်းက ခြင်းကြားတောင်းရက်လုပ်ရောင်းချလာသည့် ဦးသောင်းကြည်က ဆက်လက်ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**



## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကျေးရွာခန်းမဆောင်ဖွင့်ပွဲ တက်ရောက်

**ဒီးမော့ဆို ဇွန် ၂၄**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) အကောင်အထည်ဖော် ဆောင်ရွက်နေသော သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ ခန်းမဆောင်ဖွင့်ပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျေးရွာလူထုမှ မိမိအကောင်အထည်ဖော်လိုသည့် စီမံကိန်းကို ကိုယ်တိုင်ရွေးချယ်ပြီး ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ရန်ပုံငွေကို ကျေးရွာမှ ကိုယ်တိုင်အသုံးပြုခြင်း၊ ဝယ်ယူရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးလုပ်ငန်းများ၊ စောင့်ကြည့် ကြီးကြပ်ရေးလုပ်ငန်းများ၊ စာရင်းစစ်ဆေးခံခြင်း လုပ်ငန်းများကို ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ကျေးရွာလူထု၏ စွမ်းဆောင်ရည်များ အတိုင်းအတာတစ်ခုအထိ တိုးတက်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်၊ လိုလားချက်၊ တင်ပြချက်များကို နားထောင်လိုပြီး တင်ပြချက်အပေါ် ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကာ အချိန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျေးရွာပြည်သူများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို အလုံးစုံပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုဆောင်ရွက်ပြီးစီးသော ကျေးရွာခန်းမဆောင်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်က ပြည်နယ်အတွင်း ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းပြောကြားပြီး စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ကျေးရွာလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါခန်းမဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေရှိ Steel Structure အမျိုးအစားဖြစ်ပြီး စီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၁၆၈ သိန်းနှင့် ကျေးရွာထည့်ဝင်ငွေကျပ် ၃၁ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဥပဒေအထောက်အကူပေးရေးရုံး ဖွင့်ပွဲတက်ရောက်

**အုတ်ဖို ဇွန် ၂၄**
အုတ်ဖိုမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ဖွင့်လှစ်ပွဲကို ဇွန် ၂၄ ရက် နံနက် ၇ နာရီခွဲက ကျင်းပသည်။

အုတ်ဖိုမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဦးကျော်ဌေး၊ ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသူများက ဖွင့်ပွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် မြို့နယ်အဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝက်ဘ်ဆိုက် (www.bagoregion.gov.mm) မှာလည်း လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ ရှေ့နေမငှားနိုင်သူများအား ဥပဒေနှင့်အညီ အကူအညီပေးနိုင်ရေး စေတနာ၊ မေတ္တာရှေ့ထားဆောင်ရွက်ကြရန်၊ ရာဇဝတ်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေအပေါ် ပြည်သူများက ယုံကြည်မှုမြင့်မားလာမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာသည့် ဥပဒေပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အုတ်ဖိုမြို့နယ် ဥပဒေအထောက်အကူပေးရေးအဖွဲ့ရုံးကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ဥပဒေအထောက်အကူပြုပေးရေးအဖွဲ့ ၂၈ ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဥပဒေဆိုင်ရာကိစ္စရပ်များတွင် မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးရရှိစေရန်၊ ရာဇဝတ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## ဆွာရေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လှူဒါန်းသည့်နေအိမ်များ မကြာမီအပ်နှံတော့မည်



**ကျွန်းတောစု ရွာသစ်ကျေးရွာ၌ဆောက်လုပ်ထားသော မကြာမီအပ်နှံတော့မည့်နေအိမ်များကို တွေ့ရစဉ်။**
**ဓာတ်ပုံ - စိုးမြင့်အောင်**

**ရေတာရှည် ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောက်လုပ်လှူဒါန်းသော နေအိမ်များမှာ ယခုအခါ ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ နိုင်ငံတော်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများနှင့် အသင်းချုပ်တို့ ပေါင်းစပ်၍ နေထိုင်သူများအတွက် နေအိမ်များကို မကြာမီအပ်နှံတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီကျော်ကဖြစ်ပွားခဲ့သော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေလှောင်တမံသည် ဘဲနှုတ်သီးကျိုးပေါက်ခဲ့မှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရပြီး ဆည်အောက်ပိုင်းရှိ ကျေးရွာပေါင်း ၁၉ ရွာမှ လူနေအိမ် ၁၆၂ လုံးမှာ ပျက်စီးမျောပါခဲ့ရသောကြောင့် အသင်းချုပ်အနေဖြင့် ကျွန်းတောစုရွာသစ်နှင့် ဆွာမင်းလမ်းရွာအပါအဝင် ကျေးရွာပေါင်း ၁၉ ရွာအတွက် နေအိမ်အကျယ်အဝန်း ၂၃ ပေ × ၁၄ ပေ ရှိသော သွပ်မိုး၊ ပျဉ်ခင်း၊ ပလာစတာဘုတ်အကာဖြင့် ဆောက်လုပ်ထားသည့် နေအိမ်အသစ် ၁၆၂ လုံးကို ငွေကျပ် သိန်း ၄၀၀၀ ကျော် အကုန်အကျခံကာ တာဝန်ယူထောက်ပံ့ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ လက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအမံဖြင့် တိုင်းဒေသကြီးအတွင်းရှိ အလှူရှင်များစုပေါင်းကာ နေအိမ် ၁၃ လုံးကို ထပ်မံဆောက်လုပ်လှူဒါန်းနေကြောင်းနှင့် မကြာမီကာလအတွင်း ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောကြားသည်။

လက်ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျွန်းတောစု ရွာသစ်ကျေးရွာ၌ မူလတန်းကျောင်း နှစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းထားပြီး လူထုတွေ့ဆုံပွဲပြုလုပ်ရန်အတွက် Multi Hall တစ်ဆောင်ကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်က လှူဒါန်းထားကြောင်း၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကျောင်းအလုံးလိုက် နေရာရွှေ့၍ တက်လမ်းကုမ္ပဏီက ပြုပြင်ဆောက်လုပ်လှူဒါန်းဆောင်ရွက်ပေးထားကြောင်း၊ ယခုအခါ ကျေးရွာအတွင်း လမ်းဘေးဝဲ/ယာများ၌ အရိပ်ရသစ်ပင်များကို စိုက်ပျိုးနေပြီဖြစ်ပြီး ရေမြောင်းများဖောက်လုပ်ခြင်းနှင့် မြေယာပြုပြင်ခြင်းများအပါအဝင် လျှပ်စစ်မီးတိုင်များ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မကြာမီရက်ပိုင်းအတွင်း နေအိမ်တစ်အိမ်အတွက် သရက်ပင်နှစ်ပင်စီကို စိုက်ပျိုးပေးမည်ဖြစ်ကြောင်းနှင့် နေအိမ်တစ်အိမ်အတွက် စက်ဘီးတစ်စီးစီကိုပါ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အနေဖြင့် ရေဘေးသင့်ပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ နေအိမ်များအားဆောက်လုပ်လှူဒါန်းလျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ရေဘေးသင့်ပြည်သူများအတွက် အသင်းချုပ်မှ လုပ်ငန်းရှင်များစုပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း ကလေးမြို့ ပွင့်ဖြူမြို့နယ်နှင့် ညောင်တုန်းမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်နှင့် မင်းပြားမြို့နယ်တို့တွင်ပါ တစ်ပြိုင်တည်း ရေကြီးမှုများဖြစ်ပေါ်ခဲ့သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများအပါအဝင် စာသင်ကျောင်းများ ပြုပြင်ဆောက်လုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။ **ပွင့်သစ္စာ**

## ၂၀၁၉ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ



**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်၊ အမျိုးသား ကာယဗလ၊ ရွှေမန်းမယ်နှင့် အမျိုးသား၊ အမျိုးသမီး ကြံ့ခိုင်မှု ပြိုင်ပွဲများကို ဇွန် ၂၃ ရက် နေ့လယ်ပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ရွှေမန်းမောင် အငယ်တန်း ပြိုင်ပွဲဝင်များ၊ ရွှေမန်းမောင် အကြီးတန်းပြိုင်ပွဲဝင်များ၊ ရွှေမန်း ကာယကြံ့ခိုင်မှု မယ် ၁၆၀ စင်တီမီတာအောက် ပြိုင်ပွဲဝင်များ၊ ရွှေမန်း ကာယကြံ့ခိုင်မှု မယ် ၁၆၀ စင်တီမီတာ အထက်ပြိုင်ပွဲဝင်များ၊ ၁၇၀ စင်တီမီတာ အထက် ပြိုင်ပွဲဝင်များ၊ ရွှေမန်း ကာယကြံ့ခိုင်မှု မောင် ၁၇၀ အောက် ပြိုင်ပွဲဝင် မောင်မယ်တို့က အစီအစဉ်အတိုင်း သတ်မှတ်ပုံစံနှင့် စိတ်ကြိုက်ပုံစံများဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲ ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးဟန်မြိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်ကြည်၊ အတွင်းရေးမှူးတို့နှင့် တိုင်းအား/ကာ ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အား/ကာ သိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ကူညီသည့် အလှူရှင်ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်၍ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်ခဲ့သော အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် အတန်းလိုက် ဆုရရှိသူများနှင့် မောင်ဆုရသည့် အမျိုးသားများကို ဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဆုဖလားများနှင့် စလွယ်ဆုတို့ကို ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် အတန်းလိုက် ဆုရရှိသူများ၊ မယ်ဆုတို့ကို တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီအဖွဲ့ဝင် သီရိသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော်၊ တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်သက်နုလင်း၊ ဒေါ်ကြည်ကြည်ဆွေနှင့် တာဝန်ရှိသူတို့က ဆုဖလားများ၊ ဂုဏ်ပြုလွှာနှင့် ဆုငွေများ၊ စလွယ်ဆုတို့ကို ချီးမြှင့်ကြကာ စေတနာရှင်များကလည်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**




**သတို့သား၊ သတို့သမီးများအတွက် မင်္ဂလာအခမ်းအနားကို အကောင်းဆုံး ဖန်တီးပေးမည့် ပညာရှင်များ၏ ဝန်ဆောင်မှုများအား တစ်နေရာတည်းတွင် တွေ့ဆုံရမည့်** Myanmar Wedding& Beauty Expo **ပြပွဲကို ဇွန် ၂၁ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပခဲ့စဉ်။**

မျိုးမင်းသိန်း(မရမ်းကုန်း)

## မြန်မာနိုင်ငံ၏ ပထမဦးဆုံး Biotin Free Lab Certificate ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

Biotin ကြောင့် ဖြစ်ပေါ်စေနိုင်သည့် မမှန်ကန်သော သွေးစစ်ချက်အဖြေများ ထွက်ရှိသည့် အပေါ် အမေရိကန်နိုင်ငံ FDA ၏ သတိပေးချက်နှင့် သက်ဆိုင်သော ဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး Biotin Free Lab Certificate ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ Windhamgrand Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အမေရိကန်နိုင်ငံ အခြေပြု Abbott Diagnostic မှ Ms. Charinee Arunphan က SML Advanced Medical Laboratory ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး Biotin Free Laboratory အဖြစ် အသိအမှတ်ပြုလွှာအား ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



## နေပြည်တော်ရှိ အဖြူရောင်အနာဂတ်မိသားစု ပရဟိတအသင်းမှ ဖြူးမြို့နယ်သို့ အခမဲ့ကွင်းဆင်း၍ ဆေးကုသပေး

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် ပျဉ်းမနားမြို့ရှိ အဖြူရောင်အနာဂတ်မိသားစု ပရဟိတ အသင်းမှ ဆေးကုသမှုပြုခြင်းနှင့် ကျောင်းသုံးဗီရို၊ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၂၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု ဂွေးကုန်းကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ချင်းခင်ကျေးရွာအုပ်စု ဂွေးကုန်းကျေးရွာရှိ ဒေသခံ ၅၀ အား အဖြူရောင်အနာဂတ်မိသားစုပရဟိတအသင်းဝင် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးမှ ဆရာဝန်များက အခမဲ့ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဂွေးကုန်းကျေးရွာအခြေခံ ပညာမူလတန်းကျောင်းအတွက် ငွေကျပ် သိန်း ၂၀ ခန့်ရှိ ကျောင်းသုံးဗီရို၊ ဆရာဆရာမ ထိုင်ခုံ၊ စားပွဲ၊ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာမျိုးစုံ၊ သင်ထောက်ကူပစ္စည်းမျိုးစုံကို အသင်းဥက္ကဋ္ဌ ဦးမင်းမင်းက အုပ်စုမှူး ချင်းခင် အခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဦးထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ဂွေးကုန်းကျေးရွာရှိ ဒေသခံကလေး ၅၂ ဦးအား ဆံပင်ညှပ်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မိုးစပါးစိုက်ကေ ၆၁၀ အတွင်းသို့ ငါးသားပေါက် ၃၀၀၀၀၀ ကျော်စိုက်ထည့်ပေးမည်

**မုံရွာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ မိုးရာသီတွင်စိုက်ပျိုးမည့် မိုးစပါး ကေ ၆၁၀ အတွင်း ငါးသားပေါက် ကောင်ရေ ၃ ဒသမ ၀၅ သိန်းကို စိုက်ထည့်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"စပါးနဲ့ ငါး တွဲဖက်မွေးမြူတဲ့စနစ်ကို မြို့နယ် ရှစ်မြို့နယ်မှာ အခုနှစ်မိုးစပါး စိုက်ပျိုးရာသီမှာ ထည့်ပေးဖို့ စီစဉ်နေတယ်၊ သားပေါက်တွေကို တိုင်းဒေသကြီးအတွင်းက ရေဦး၊ ရွှေဘို၊ အင်းကြင်းကုန်း ငါးသားဖောက်စခန်းတွေကနေ ထုတ်လုပ်ပြီး စိုက်ထည့်ပေးသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

၂၀၁၈-၂၀၁၉ မိုးစပါးစိုက်ရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ ကောလင်းမြို့နယ်ရှိ မိုးစပါး ၆၅ ကေ အတွင်းသို့ ငါးသားပေါက် သုည ဒသမ ၃၂၅ သိန်းကိုလည်းကောင်း၊ ထီးချိုင့်မြို့နယ်ရှိ မိုးစပါး ကေ ၆၀ အတွင်းသို့ ငါးသားပေါက် ကောင်ရေ သုည ဒသမ ၃၀၀ သိန်းကို လည်းကောင်း၊ ရေဦးမြို့နယ်ရှိ မိုးစပါး ကေ ၁၂၀ အတွင်းသို့ ငါးသားပေါက် ကောင်ရေ သုည ဒသမ ၆၀၀ သိန်းကို လည်းကောင်း၊ တန့်ဆည်မြို့နယ်ရှိ မိုးစပါး ၁၀ ကေအတွင်းသို့ ငါးသားပေါက် ကောင်ရေ သုည ဒသမ ၀၅၀ သိန်းကို လည်းကောင်း၊ ဒီပဲယင်းမြို့နယ်ရှိ မိုးစပါး ၅၀ ကေအတွင်းသို့ ငါးသားပေါက်ကောင်ရေ သုည ဒသမ ၂၅၀ သိန်းကိုလည်းကောင်း၊ ဝက်လက်မြို့နယ်ရှိ မိုးစပါး ကေ ၆၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုည ဒသမ ၃၀၀ သိန်းကိုလည်းကောင်း၊ ခင်ဦးမြို့နယ်ရှိ မိုးစပါး ၆၅ ကေအတွင်းသို့ ငါးသားပေါက်ကောင်ရေ သုည ဒသမ ၃၂၅ သိန်းကို လည်းကောင်း၊ ရွှေဘိုမြို့နယ်ရှိ မိုးစပါး ကေ ၁၈၀ အတွင်းသို့ ငါးသားပေါက် ကောင်ရေ သုည ဒသမ ၉၀၀ သိန်းကိုလည်းကောင်း စက်တင်ဘာလအတွင်း စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## သထုံ၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းဖွင့်

**သထုံ ဇွန် ၂၄**

မွန်ပြည်နယ် သထုံမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေး အထောက်အကူပြု ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်း အမှတ်စဉ်(၇/၂၀၁၉) ဖွင့်ပွဲကျင်းပသည်။



ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးစိုးမင်းက မွန်ပြည်နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စာရင်းအရ ငါးမွေးမြူသူ ၁၅၇ ဦးနှင့် ငါးကန်ဧကစုစုပေါင်း ၁၀၀၀ ဒသမ ၉၂ ဧက ရှိကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုသင်တန်းတက်ရောက်လာသူများမှတစ်ဆင့် မိမိတို့ဒေသအတွင်း စည်းရုံးဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၂ ဦးအား နေထိုင်၊ စားသောက် စရိတ်ငြိမ်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ငါးမွေးမြူရေး စိတ်ပါဝင်စားသူများကို ငါးအကြောင်းသိကောင်းစရာ၊ ငါးကန်တူးဖော်ခြင်းနှင့် ကန်ပြင်ဆင်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ငါးမူန်၊ ငါးသန်၊ မျိုးငါးအစာကျွေးခြင်းနည်းစနစ်၊ ငါးမူန်၊ ငါးသန် ပြုစုမွေးမြူခြင်း၊ သဘာဝငါးသယံဇာတများအကြောင်း စာတွေ့၊ လက်တွေ့များကို မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သူ သင်တန်းဆရာ၊ ဆရာမလေးဦးတို့က သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ



**မကွေး**

မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးပြုလုပ်သည့် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမဆောင်၌ ကျင်းပသည်။

တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးက ပြည်သူ့စကားဝိုင်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်အတွက် ပြည်သူ့စကားဝိုင်းများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်မျိုးဆေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲစိုး၊ ဒု-မြို့နယ်ပညာရေးမှူး ဦးချမ်းသာ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်-၁ ဦးညီညီအောင်၊ စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အတွင်းရေးမှူး ဦးကိုကိုနိုင်တို့က မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ဆိုးကျိုးအန္တရာယ်များ၊ ကျောင်းသားလူငယ်များကြား မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိလာသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှုနှင့် ပြစ်ဒဏ်အကြောင်းအရာများကို ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြေကြားပေးခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



**မအီ**

မျိုးဆက်သစ်လူငယ်များ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းလာစေရန်၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် လူမှုပြဿနာများမပေါ်ပေါက်စေရေး၊ မူးယစ်ကင်းစင်ပြီး သာယာငြိမ်းချမ်းသော မြန်မာ့လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက မအီမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မအီမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ပုက မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်း နောင်တစ်ခေတ်ရဲ့ခေါင်းဆောင်တွေဖြစ်လာရေးအတွက် အရက်၊ မူးယစ်ဆေးဝါး၊ ဆေးလိပ် သုံးစွဲခြင်းမှ ရှောင်ကြဉ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆွေက မူးယစ်ဆေးဝါးသုံးစွဲပါက ကျန်းမာရေးထိခိုက်ခြင်း၊ စီးပွားရေးဆုတ်ယုတ်ခြင်း စသည့်လူမှုပြဿနာများ ဖြစ်ပေါ်လာပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မအီနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်နိုင်ဝင်းက ပြစ်မှုကျူးလွန်သူအများစုက မူခင်းမဖြစ်မီမှာ မူးယစ်စေသောအရာကို သောက်သုံးထားတာကိုတွေ့ရကြောင်း၊ ကျေးလက်ကျန်းမာရေးဦးစီးမှူး ဦးလှဝင်းက မူးယစ်စေသောအရာကို အလွန်အကျွံသုံးစွဲပါက ဖြစ်ပေါ်တတ်သောရောဂါများအကြောင်း၊ မအီ အထက ကျောင်းအုပ်ဆရာကြီးဦးသန်းဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးကိုရှောင်ကြဉ်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

## တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ပြည်သူများနှင့် တွေ့ဆုံ

**နတ်တလင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ဘိုးဘွားရိပ်သာခန်းမတွင်ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြည်သူများနှင့်တွေ့ဆုံရခြင်းမှာ ဒေသအတွင်းဖြစ်ပေါ်ကြုံတွေ့နေရသောကိစ္စရပ်များ၊ တင်ပြချက်များကို နားထောင်ပြီး မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

## ရေနံချောင်းမြို့နယ်တွင် မိုးရွာသွန်းသဖြင့် မြေပဲများဖြစ်ထွန်းအောင်မြင်

**ရေနံချောင်း ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မိုးရွာသွန်းသဖြင့် ဆီထွက်သီးနှံမြေပဲများ စိုက်ပျိုးကြပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"အရင်နှစ်က မြေပဲဆန်တစ်ပိဿာကျပ် ၂၅၀၀ သာရှိပြီး လက်ရှိမြေပဲဆန်တစ်ပိဿာကျပ် ၂၉၀၀ ကနေ ကျပ် ၃၀၀၀ အတွင်း ရောင်းရတဲ့အတွက် တောင်သူတွေ မြေပဲစိုက်ကြတာဖြစ်ပါတယ်။ နောက်တစ်ခုက အခုနှစ်သီးနှံစိုက်ချိန်နဲ့ စိုက်ဘဏ်က ငွေချေးတဲ့အချိန် တူညီတာကြောင့် အရင်းအနှီးကို အပြင်ကမရှာရတော့ဘူး" ဟု မန်းကျည်းတိုင်းကျေးရွာအုပ်စုမှ ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံကိုထွန်းဦးက "ကျေးရွာတွေမှာ ပေါင်းမြက်နုတ်ချိန်မို့ အလုပ်သမားငှားနေရတယ်။ တစ်ယောက်ကို တစ်နေ့ကျပ် ၅၀၀၀ ပေးငှားရတယ်။ နွားနဲ့ထွန်ရှင်းငှားပါက တစ်မနက် နံနက် ၆ နာရီကနေ နံနက် ၁၀ နာရီအထိ ကျပ် ၉၀၀၀ ပေးရတယ်။ ဒေသခံတွေလည်း အလုပ်အကိုင်ရနေကြပါတယ်" ဟု ပြောကြားသည်။ ယခုနှစ်တွင်း မိုးမြေပဲ ၃၆၀၉၃ ဧက၊ ဆောင်းမြေပဲဧက ၂၇၀၀ စုစုပေါင်း ၃၈၇၉၃ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သဖြင့် တောင်သူများ သီးနှံများစိုက်ပျိုးနေကြပြီဖြစ်ပြီး မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးနေကြကြောင်း သိရသည်။ **ဆန်းညွန့်**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပ

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အထက (၃) မြတ်မွန်ရတနာခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ရဲချုပ်(ငြိမ်း) ဦးစိုးဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်အန္တရာယ်များ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ ဒေါက်တာအောင်သော်က မူးယစ်ဆေးဝါးကြောင့် ရရှိလာနိုင်သောရောဂါများကို ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ်နှင့်သက်ဆိုင်သည့် အမေးအဖြေမေးခွန်း ၁၀၀ ကျော်ကိုမေးမြန်းရာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ရဲမှူးကြီး(ငြိမ်း) ဦးစိုင်းအောင်မင်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးတို့က မူးယစ်ဆေးဝါးအန္တရာယ်များကို ပြောကြားခဲ့သည်။

**ဝင်းထက်ထက်အောင်(ပြန်/ဆက်)**

**ရမည်းသင်း**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီ ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

(၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ကျန်းမာရေးနှင့် ပညာရေး၊ မူးယစ်ကင်း ဖို့လက်တွဲစို့ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅၈ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းအောင်( ရမည်းသင်း)**

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသားလူငယ်များနှင့် ၎င်းတို့၏ လူမှုပတ်ဝန်းကျင်များတွင် မူးယစ်ဆေးဝါးဆန့်ကျင်သည့် အသိစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်နေစေရန် ရည်ရွယ်၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ က ရှောင်လေဝေးဝေးမူးယစ်ဆေး ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးကို ဇွန် ၂၃ ရက် နံနက် ၆ နာရီက ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်စေတီရာဟုထောင့်တွင် ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်၊ ဒုရဲမှူးကျော်စွာဦးနှင့် ညောင်ဦးမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးလွင်တို့ ဦးဆောင်သော အင်အား ၅၀ ပါဝင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နံနက် ၆ နာရီမှ ၈ နာရီထိ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

# ပဲရစ်ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့ကြတဲ့ လီမင်ဟို၊ ဂွန်ရိုးနဲ့ ကင်ဂျေဝတ်ခ်

**တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတွေဖြစ်ကြတဲ့ လီမင်ဟို၊ ဂွန်ရိုးနဲ့ ကင်ဂျေဝတ်ခ်တို့ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ပဲရစ်ဖက်ရှင်သီတင်းပတ်မှာ တက်ရောက်အားပေးခဲ့ကြတာကို တွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။**


လီမင်ဟို


ဂွန်ရိုး


ကင်ဂျေဝတ်ခ်

ဇွန် ၁၈ ရက်ကနေ ၂၃ ရက်အထိ ပြုလုပ်ခဲ့တဲ့ ပဲရစ်အမျိုးသားဖက်ရှင်ပြပွဲမှာတော့ ကမ္ဘာတစ်ဝန်းက အမျိုးသား အနုပညာရှင်တွေ တက်ရောက်အားပေးခဲ့ကြတာကို တွေ့ရပြီး ဒီထဲမှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ လီမင်ဟို၊ ဂွန်ရိုးနဲ့ ကင်ဂျေဝတ်ခ်တို့လည်း ပါဝင်နေတာ ဖြစ်ပါတယ်။

ဂွန်ရိုးကတော့ ဇွန် ၂၀ ရက်က ပြုလုပ်ခဲ့တဲ့ ဖက်ရှင်ပြပွဲတစ်ခုကို တက်ရောက်ခဲ့တာဖြစ်ပြီး မင်းသားဟာ အပေါ်အောက်အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ လီမင်ဟိုက ဇွန် ၂၁ ရက်မှာ ပါဝင်တက်ရောက်ခဲ့တာ ဖြစ်ပြီး ဒီပွဲကိုတော့ မင်းသားဟာ သားရေကုတ်အင်္ကျီ အရှည်ကြီးကို ဝတ်ဆင် တက်ရောက်ခဲ့ပါတယ်။ ကင်ဂျေဝတ်ခ်ကတော့ ဇွန် ၂၃ ရက်မှာ မီးခိုးရောင်အနောက်တိုင်းဝတ်စုံနဲ့ ဖက်ရှင်ပြပွဲကို တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXO” ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒီအိုဟာ လာမယ့်လအစမှာ စစ်မှုထမ်းရက်တွေကို စတင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုစစ်မှုထမ်းဆောင်ရာမှာတော့ ပရိသတ်တွေအနေနဲ့ အခမ်းအနားကျင်းပတာမျိုး မလုပ်ဘဲ တိတ်တဆိတ်သာ စတင်လိုကြောင်း “EXO” ရဲ့ ပရိသတ်အဖွဲ့ “EXO-Ls” ဆီကို စာရေးသားကာ သူ့ရဲ့ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒီအိုဟာ လာမယ့် ဇူလိုင် ၁ ရက်မှာ စတင်စစ်မှုထမ်းဆောင်သွားမှာဖြစ်ပြီး စစ်မှုမထမ်းဆောင်မီမှာတော့ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ကို ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုနက်စ်တို့ရဲ့ မင်္ဂလာပွဲကို တစ်ပတ်အတွင်း ကျင်းပသွားမည်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသမီး ဆိုဖီယာတာနာနဲ့ တေးသံရှင် ဂျိုးဂျိုနက်စ်တို့ရဲ့ တိတ်တဆိတ် စီစဉ်ခဲ့ပြန်တဲ့ ဒုတိယအကြိမ် မင်္ဂလာအခမ်းအနားဟာလည်း ထပ်မံသတင်းပေါက်ကြားခဲ့ပြန်ပြီ ဖြစ်ပါတယ်။ ပထမအကြိမ် မင်္ဂလာပွဲကိုလည်း တိတ်တဆိတ်ပြုလုပ်ခဲ့ပေမယ့် အွန်လိုင်းမီဒီယာပေါ် ပျံ့နှံ့ခဲ့တဲ့ မင်္ဂလာအခမ်းအနားဟာ ဒုတိယအကြိမ်မှာလည်း ကျင်းပမယ့်ရက်ကို မင်္ဂလာပွဲမတိုင်မီ ပရိသတ်တွေ ကြားသိခဲ့ရတာ ဖြစ်ပါတယ်။



ဒီတစ်ကြိမ်မှာတော့ မင်္ဂလာပွဲ ကျင်းပမယ့်ရက်အတိအကျကိုတော့ မသိရပေမယ့် တစ်ပတ်သာ လိုတော့ကြောင်းကိုတော့ မင်္ဂလာပွဲဖိတ်ကြားခံထားရတဲ့ ဧည့်သည်တစ်ဦးက လူမှုကွန်ရက်မီဒီယာပေါ်မှာ ဝေဖန်ရေးသားခဲ့တာကြောင့် လူအများသိခဲ့ရတာ ဖြစ်ပါတယ်။ ဒုတိယမြောက် မင်္ဂလာအခမ်းအနားကို မိသားစုတွေ၊ မိတ်ဆွေတွေနဲ့ ပိုမိုခမ်းနားတဲ့ မင်္ဂလာပွဲ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပြီး ဒီတစ်ကြိမ်မှာတော့ ပြင်သစ်မှာ ပြုလုပ်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒုတိယမြောက် မင်္ဂလာပွဲသတင်းနဲ့အတူ ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုနက်စ်တို့ရဲ့အကြောင်းဟာလည်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ လူအများစိတ်ဝင်စားကြတဲ့ အကြောင်းအရာတစ်ခုဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲဟာ လတ်တလောမှာတော့ ပဲရစ်ဖက်ရှင်သီတင်းပတ်တက်ရောက်ခဲ့ကာ သူတို့ရဲ့ ဖက်ရှင်ပြပွဲတက်ရောက်စဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံကိုလည်း ဂျိုးဂျိုနက်စ်ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဓာတ်ပုံရဲ့အောက်မှာ ပရိသတ်တွေက မင်္ဂလာပွဲနဲ့ပတ်သက်ပြီး အမျိုးမျိုးဝေဖန်ရေးသားခဲ့ကြပြီး သူငယ်ချင်းတစ်ဦးကတော့ မင်္ဂလာပွဲတက်ရောက်ဖို့ရာ တစ်ပတ်သာလိုတော့ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ ဖြစ်တယ်လို့ နယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ ဂျိုးဂျိုနက်စ်နဲ့ ဆိုဖီယာတာနာတို့ရဲ့ မင်္ဂလာပွဲကို လာ့စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့ပါတယ်။ အလွန်ရင်းနှီးတဲ့ မိတ်ဆွေအချို့နဲ့သာ ပြုလုပ်ခဲ့တဲ့ မင်္ဂလာပွဲက ပုံရိပ်တွေကိုတော့ မင်္ဂလာပွဲကို တက်ရောက်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဒစ်ပလိုက သူ့ရဲ့ အင်စတာဂရမ်ပေါ်ကနေ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုထုတ်လွှင့်ခဲ့တဲ့အခါမှ ဂျိုးဂျိုနက်စ်ရဲ့မိဘတွေက မင်္ဂလာပွဲအကြောင်း သိရှိခဲ့ကြတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ တိတ်တဆိတ်ပြုလုပ်ခဲ့ပေမယ့် မင်္ဂလာပွဲက ပုံရိပ်တွေအားလုံး အွန်လိုင်းမီဒီယာပေါ် ပျံ့နှံ့ခဲ့ပါတယ်။

ဒုတိယအကြိမ် မင်္ဂလာပွဲကိုတော့ လာမယ့် သီတင်းပတ်အတွင်း ပြင်သစ်မှာ ပြုလုပ်သွားဖို့ရာရှိနေပြီး ဒီမင်္ဂလာပွဲက ပုံရိပ်တွေကိုတော့ တရားဝင်ထုတ်ဖော်ပြသမှာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုနက်စ်တို့ဟာ ပဲရစ်ကို ရောက်ရှိနေပြီး နစ်ခ်ဂျိုးနက်စ်ရဲ့ ဇနီးဖြစ်သူ ပရီယင်ကာ ချိုပရာဟာလည်း ပဲရစ်မှာ ရောက်ရှိနေကာ ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုနက်စ်တို့ရဲ့ မင်္ဂလာပွဲအတွက် ပြင်ဆင်နေတယ်လို့ သိရပါတယ်။

## နယ်လှည့်တေးဂီတဖျော်ဖြေပွဲ ပြုလုပ်သွားမယ့် “Seventeen”

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Seventeen” ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲတွေရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ဆိုးလ်က ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် ဩဂုတ်လအတွင်း ပြုလုပ်မည်ဖြစ်ကာ နယ်လှည့်ဖျော်ဖြေပွဲကို စတင်သွားမှာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Ode to You” လို့ အမည်ပေးထားတဲ့ အဖွဲ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ ဩဂုတ် ၃၀၊ ၃၁ နဲ့ စက်တင်ဘာ ၁ ရက်တို့မှာ ဆိုးလ်မှာ ပြုလုပ်သွားမှာပါ။ “Seventeen” ရဲ့ပရိသတ်တွေအတွက်တော့ ဒါဟာ သတင်းကောင်းဖြစ်ပြီး အဖွဲ့အနေနဲ့ နောက်ဆုံးသော နယ်လှည့်တေးဂီတဖျော်ဖြေပွဲကို ၂၀၁၇ ခုနှစ်အတွင်းက ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## စတူဒီယိုကို ဆိုင်ကယ်နဲ့ လာရောက်ခဲ့တဲ့ ဂျက်စတင်ဘီဘာ

ကမ္ဘာကျော် ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောမှာ စတူဒီယိုကို သွားရောက်ခဲ့ရာမှာတော့ ကားနဲ့မဟုတ်ဘဲ ဆိုင်ကယ်ကို ကိုယ်တိုင်မောင်းကာ လာရောက်ခဲ့ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ ဟောလိဝုဒ်က စတူဒီယိုတစ်ခုကို ဆိုင်ကယ်မောင်းကာ လာရောက်ခဲ့တာ တွေ့ရပါတယ်။ ဆိုင်ကယ်ရဲ့ရှေ့ဘက်မှာတော့ ဂျက်စတင်ဘီဘာ ထုတ်လုပ်တဲ့ အဝတ်အစား အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ “Drew House” ရဲ့ အဝါရောင်လိုဂိုကို ကပ်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဘီဘာဟာ အနက်ရောင် ဆိုင်ကယ်နဲ့ လိုက်ဖက်တဲ့ အနက်ရောင် ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းထားခဲ့တာကိုလည်း တွေ့ရပါတယ်။



**အေးပြည့် စုစည်းသည်**

# “ကြည်နူးဝမ်းသာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ခြင်း မော်ကွန်းတင် ကမ္ပည်းစာလွှာ”

၂၀၁၈–၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အပင်ပန်းခံကြိုးစားပြီး **သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ (၄) ဘာသာဂုဏ်ထူး** ဆွတ်ခူးနိုင်ခဲ့သော သားကြီး **မောင်ရွှေအုပ်ပိုင် ခုံနံပါတ်(မနသ–၁၇၀၂)**၏ အောင်မြင်မှုရလဒ်ကို ကြည်နူးဝမ်းသာမှတ်တမ်းတင် ဂုဏ်ယူမိပါကြောင်းနှင့် ငယ်စဉ်ကာလ ကလေးဘဝမှစ၍ မူလတန်းပညာသင်ကြားပေးခဲ့ကြသော မြင်းမူမြို့၊ **အမှတ်(၄) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ** ဆရာ/ဆရာမများအားလည်းကောင်း၊ အလယ်တန်းပညာသင်ကြားပေးခဲ့ကြသော မြင်းမူမြို့ **အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ** ဆရာ/ဆရာမများအားလည်းကောင်း၊ အထက်တန်းပညာ သင်ကြားပေးခဲ့ကြသော မန္တလေးမြို့၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ/ဆရာမများ၊ မေတ္တာဖြင့်ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ကြသောဆရာ/ဆရာမများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးကြသူများ ရပ်နီး/ရပ်ဝေးမှ ဝမ်းသာဂုဏ်ယူပေးကြပါသော မိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းအားလုံးတို့အား ရင်နှင့်အမျှ ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဖေဖေဦးနိုင်စိုး–မေမေဒေါ်သီတာ**
**ညီလေး–ကောင်းအုပ်စိုး**
**ရွှေဧကရာဇ်ရွှေဆိုင်**၊ မြင်းမူမြို့

## “ဂုဏ်ယူဝမ်းမြောက်ခြင်း”

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ မာဃရပ်နေ
**ဦးနိုင်စိုး–ဒေါ်သီတာ“ရွှေဧကရာဇ်ရွှေဆိုင်”**
တို့၏သားကြီး **မောင်ရွှေအုပ်ပိုင်**
**ခုံနံပါတ် (မနသ–၁၇၀၂) သည်**
၂၀၁၈–၂၀၁၉ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း
စာမေးပွဲတွင်**(၄)ဘာသာဂုဏ်ထူး**ဖြင့်
ထူးချွန်စွာအောင်မြင်ခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**“သမာဓိ” စိန်ရွှေရတနာဆိုင်နှင့်**
**ရွှေထည်ပစ္စည်းထုတ်လုပ်ဖြန့်ချိရေး၊**
အမှတ်(၅၈၃/၅၈၅)၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၊
သိမ်ကြီးဈေးတံတားအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

## “ဂုဏ်ယူဝမ်းမြောက်ခြင်း”

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ မာဃရပ်နေ
**ဦးနိုင်စိုး–ဒေါ်သီတာ“ရွှေဧကရာဇ်ရွှေဆိုင်”**
တို့၏သားကြီး **မောင်ရွှေအုပ်ပိုင်**
**ခုံနံပါတ် (မနသ–၁၇၀၂) သည်**
၂၀၁၈–၂၀၁၉ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း
စာမေးပွဲတွင်**(၄)ဘာသာဂုဏ်ထူး**ဖြင့်
ထူးချွန်စွာအောင်မြင်ခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ကိုငြိမ်းသက်မောင်–မသက်သက်ဝေ**
**“ရွှေမိုးရွှေဆိုင်”**
မြို့မဈေး(၁)၊ အရှေ့ဘက်တန်း၊ ရေစကြိုမြို့

C B BANK

"CB Bank တော်ဝင်စင်တာဘဏ်ခွဲငယ်အား နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း။"

သမဝါယမဘဏ်လီမိတက်၊ CB Bank ၏ တော်ဝင်စင်တာဘဏ်ခွဲငယ်အား ယခင်နေရာမှ အောက်ဖော်ပြပါနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းနှင့်ပြည်တွင်းငွေလွှဲလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။




**လမ်းမတော် (ဗိုလ်ချုပ်လမ်းနှင့်ဝါးတန်းလမ်းထောင့်) ဘဏ်ခွဲ**

အမှတ်(၇၉၇)၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel : (95) **01 253037**
Fax : (95) **01 253546/ 253828/ 253660/ 253648/ 253659/ 253943**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# ပြည်သူသို့အသိပေးကြေညာခြင်း
# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ရေရှည်တိုးတက်ကောင်းမွန်စေရန် တိုးချဲ့ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက်လည်းကောင်း၊ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မရရှိသေးသောဒေသများ လျှပ်စစ်ရရှိရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက်လည်းကောင်း၊ ဓာတ်အားထုတ်လုပ်မှုစွမ်းအား စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လည်းကောင်း ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်ရန်အလို့ငှာ သင့်လျော်သည့် ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်နိုင်ရေးကို လျှပ်စစ်မီးသုံးစွဲသူများကို ကိုယ်စားပြုသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေး၍ အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/ ၂၀၁၉) ၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

စာမျက်နှာ ၉ ကော်လံ ၅ သို့

# မြန်မာလူငယ်ကစားသမားများ ပါဝင်သည့်ခြေစစ်ပွဲ ဂျပန်နိုင်ငံ၌ ကျင်းပ



**ရန်ကုန် ဇွန် ၂၄**

မြန်မာလူငယ်ကစားသမားများပါဝင်သည့် Japan Fun Cup ပြိုင်ပွဲကို ဇွန် ၂၂ ရက်က ဂျပန်နိုင်ငံ ဖူကူရှီးမားရှိ J-Village Stadium ၌ ကျင်းပခဲ့သည်။ ယင်းခြေစမ်းပွဲကို ဂျပန်ဘောလုံးအဖွဲ့ချုပ်နှင့် Japan Foundation Asia Center တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

**ယှဉ်ပြိုင်ကစား**

ခြေစမ်းပွဲအဖြစ် အရှေ့တောင်အာရှ Asian Eleven ယူ-၁၈ အသင်းနှင့် ဂျပန်နိုင်ငံမှ Japan Tohoku Selection အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာနိုင်ငံမှ နည်းပြအဖြစ် တာကူမာ ( မန္တလေးအကယ်ဒမီ)၊ ကစားသမားများအဖြစ် တိုက်စစ်မှူး ပြည့်ဖြိုးအောင်နှင့် ဂိုးသမား နေလင်းထက်တို့ ပါဝင်ခဲ့သည်။

သာမန်ပွဲကစားချိန်တွင် ဂိုးမရှိသရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ Asian Eleven အသင်းက

စာမျက်နှာ ၁၃ ကော်လံ ၄ သို့

ဂျပန်နိုင်ငံမှ Japan Tohoku Selection အသင်းကို အနိုင်ရရှိခဲ့သည့် Asian Eleven အသင်းသားများ အောင်ပွဲခံနေကြစဉ်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၄**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့်(၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ (MRTV Facebook Page)၊ မြန်မာ့အသံရေဒီယို၊ MI TV Channel၊ SKYNET Up to Date၊ Home Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် ဇွန် ၂၄**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်သည်။

**ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်**

မြန်မာ ယူ-၂၂ အသင်းသည် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး နိုင်ငံတကာ ရက်သတ္တပတ်ကြောင့် လိဂ်ပြိုင်ပွဲရပ်နားမည့် စက်တင်ဘာလဆန်းတွင် နိုင်ငံတကာခြေစမ်းပွဲများ စတင်ကစားရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အာရှခြေစစ်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားခဲ့ပြီး မေလနောက်ဆုံးပတ်တွင် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ကစားရန် ကာလတိုလေ့ကျင့်ပြင်ဆင်ခဲ့သော်လည်း ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအပြီးတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့



ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်း။

ကြေးမုံ ယနေ့ ဖတ်စရာ

**အီရန်နိုင်ငံအား အမေရိကန်၏ ဆိုက်ဘာတိုက်ခိုက်မှု အောင်မြင်မှုမရှိဟုဆို**
စာမျက်နှာ » ၁၂

**၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်၌ တိုယိုတာကား အရောင်းပြခန်း ဖွင့်လှစ်မည်**
စာမျက်နှာ » ၁၃

**မြန်မာနိုင်ငံ၏ ရာသီဥတုဘေးဒဏ်ကို လေ့လာခြင်း**
စာမျက်နှာ » ၁၅